# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## မိမိပြုဖွယ် အမှုကိစ္စ

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၍ တရားဥ္စတည်ကာ အမှန်တရားကိုလည်း သိတတ်သော မိမိပြုဖွယ်အမှုကိစ္စကိုလည်း ပြုတတ်သူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိယဝဂ်(ဓမ္မပဒ-၂၁၇)


၁၃၈၄ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက် | ၂၀၂၃ ခုနှစ်၊ မတ် ၂ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၂)၊ အမှတ်(၁၅၃)


# စိုက်ပျိုးမွေးမြူရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ၊ လိုအပ်သည့်စက်ကိရိယာ အပါအဝင် သွင်းအားစုများ၊ စိုက်ပျိုးနည်းပညာများ ပြည့်စုံလာပါက ထုတ်လုပ်မှုစွမ်းအားတိုးလာပြီး နိုင်ငံ့စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ တောင်သူလယ်သမားနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

(၂၀၂၃ ခုနှစ်၊ မတ်လ ၂ ရက်)

**ချစ်ခင်လေးစားအပ်ပါသော တောင်သူလယ်သမားကြီးများခင်ဗျား**

ယနေ့အချိန်အခါသမယသည် နိုင်ငံတစ်ဝန်းလုံးရှိ တောင်သူလယ်သမားများအား အထူးအလေးထားရှိ၍ ဂုဏ်ပြုသည့် သမိုင်းဝင်နေ့ထူးနေ့မြတ် ဖြစ်ပါသည်။ ဤကဲ့သို့ ရက်မြတ်မင်္ဂလာအချိန်အခါသမယတွင် ပြည်သူများအတွက် စားရေရိက္ခာဖူလုံစေရေးနှင့် နိုင်ငံတော်၏ စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အဓိကစွမ်းအားရှင်များဖြစ်ကြသည့် တောင်သူလယ်သမားကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကြည်သာရွှင်လန်း ကျန်းမာချမ်းသာကြပြီး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြလျက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးအောင်မြင်ပြီး လူမှုစီးပွားဘဝများ မြင့်မားတိုးတက်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

ယနေ့ကာလတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တိုင်းပြည် သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ပြီး ဦးတည်ချက် (၁၂)ရပ် ချမှတ်ဆောင်ရွက်ခဲ့ရာ၊ စီးပွားရေးဦးတည်ချက် (၄)ရပ် အနက် **"စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး" နှင့် "သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား**


*စာမျက်နှာ ၅ ကော်လံ ၁* ❐


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီ စံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် အမ်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# ပြည်သူအပေါ် ရေလို လလို ကျင့်ကြံ၊ ဒေသနှင့် တိုင်းပြည်အကျိုးအတွက် တာဝန်ကိုကျေပွန်စွာထမ်းဆောင်ရမည်ဖြစ်ပြီး စွမ်းရည်စွမ်းအားရှိအောင် ကြိုးပမ်းဆောင်ရွက်

နေပြည်တော် မတ် ၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများလိုက်ပါ၍ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဦးစီး၊ စစ်ရေးနှင့် စစ်ထောက်ဆိုင်ရာများ၊ နယ်မြေလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို စစ်ဆေးသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ✪


**၂၀၂၃ ခုနှစ် တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုပါ၏။**

# စိုက်ပျိုးမွေးမြူကုန်ထုတ်တိုးမှ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မည်

မြန်မာနိုင်ငံလူဦးရေ၏ သုံးပုံနှစ်ပုံခန့်သည် ကျေးလက်နေပြည်သူများဖြစ်ကြရာ နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် ကျေးလက်ဒေသစီးပွားရေးဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက် (၁၂) ရပ်တွင် "စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး"ဟူသော စီးပွားရေးဦးတည်ချက်လည်း ပါဝင်ရာ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးမှ စတင်ကြရမည်ဖြစ်သည်။

ယနေ့ကမ္ဘာတွင် ကပ်ရောဂါကျရောက်မှု၊ ရာသီဥတုပြောင်းလဲမှုနှင့် စစ်မက်ဖြစ်ပွားမှုစသော အကြောင်းအရာများကြောင့် ကမ္ဘာတစ်ဝန်းတွင် စားရေရိက္ခာထုတ်လုပ်မှု ကျဆင်းလာမည့် အခြေအနေများ ဖြစ်ပေါ်လျက်ရှိရာ စိုက်ပျိုးရေးနှင့် မွေးမြူရေးအတွက် ရေခံမြေခံကောင်းများရှိပြီးဖြစ်သော မိမိတို့နိုင်ငံအနေဖြင့် ပြည်တွင်းဖူလုံရေးနှင့် ပြည်ပသို့ ပိုမိုတင်ပို့နိုင်ရေးအတွက် အလေးပေးဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် အသားတင်စိုက်ပျိုးမြေဧက သန်း ၃၀ နီးပါးခန့်ရှိပြီး သီးထပ်၊ သီးညှပ်စိုက်ဧကများ ထည့်သွင်းတွက်ချက်ပါက နှစ်စဉ်သီးနှံစိုက်ပျိုးဧကပေါင်း ၄၈ သန်းကျော်ရှိရာ မြေယာကို စနစ်တကျ ပြုပြင်ခြင်း၊ မျိုးကောင်းမျိုးသန့်ကို ရွေးချယ်၍ ခေတ်မီနည်းစနစ်များဖြင့် စိုက်ပျိုးခြင်းဖြင့် သီးနှံအထွက် တိုးတက်မြင့်မားရေးကို ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

နိုင်ငံ့စီးပွားတိုးတက်မြင့်မားအောင် မြှင့်တင်ရာတွင် အဓိကအင်အားစုကြီးဖြစ်သော တောင်သူလယ်သမားကြီးများ နေထိုင်ရာ ကျေးလက်ဒေသများတွင် ရေရရှိရေး၊ လျှပ်စစ်မီးရရှိရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ ကျေးလက်ဒေသများဖွံ့ဖြိုးရေး၊ ကျေးလက်စီးပွားမြင့်မားရေးတို့အတွက် စီမံကိန်းများ ဖော်ဆောင်လျက်ရှိပြီး စိုက်ပျိုးမွေးမြူထုတ်လုပ်မှုစွမ်းအားများ မြင့်မားစေရန် နိုင်ငံတော်က စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်လျက်ရှိရာ ကျေးလက်ဒေသများ၏ မြင်ကွင်းများမှာ တိုးတက်ပြောင်းလဲလာခဲ့ပြီဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမျိုးသားရေးလုပ်ငန်းစဉ် ၂ ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေး၊ စားရေရိက္ခာပေါများရေးနှင့်စပ်လျဉ်း၍ "... ကျွန်တော်တို့သည် တိုင်းပြည်က သာယာဝပြောရမယ်။ စားရေရိက္ခာပေါများရမယ်။ ကျွန်တော်တို့ လက်ရှိအထွက်နှုန်းအရဆိုလို့ရှိရင်ဆန်လည်း ကျွန်တော်တို့ ပိုပါတယ်။ ပဲတွေ ကျွန်တော်တို့ နိုင်ငံခြားတောက်လျှောက်ပို့ပါတယ်။ ဆီထွက်သီးနှံလည်း အလားတူ ပို့နေတာရှိပါတယ်။ အဲဒီတော့ ဒီထက်ပိုအောင် လုပ်နိုင်ဖို့ ကျွန်တော်တို့ အခွင့်အလမ်းရှိပါတယ်" ဟူ၍ ပြောကြားခဲ့ပြီး သီးထပ် သီးညှပ်စိုက်ခြင်းဖြင့် ကုန်ထုတ်လုပ်မှု တိုးတက်ရေးကိုလည်း မှာကြားခဲ့သည်။

စိုက်ပျိုးမွေးမြူ ကုန်ထုတ်လုပ်မှုတိုးတက်ရေးသည် တိုင်းပြည်ဝင်ငွေတိုးတက်ရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက်ဖြစ်သကဲ့သို့ တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝမြင့်မားရေးနှင့်လည်း တစ်ဆက်တစ်စပ်တည်းပင်ဖြစ်ရာ မိမိအကျိုး၊ နိုင်ငံနှင့် ပြည်သူအကျိုးအတွက် အားထုတ်ကြိုးပမ်းကြရေး တိုက်တွန်းနှိုးဆော်ကာ တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုလိုက်ရပါကြောင်း။ ။

## (၇၈)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

- ☆ ဒို့တာဝန်အရေး (၃) ပါးကို အပြည့်အဝအောင်မြင်စွာ ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးနှင့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ရေးတို့အား တပ်မတော်၏ အဓိကတာဝန်အဖြစ် ထမ်းဆောင်ရေး။
- ☆ ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေး တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များ အပေါ်အခြေခံ၍ ဖြစ်နိုင်သမျှ အလေးထားဆောင်ရွက်ရေး။
- ☆ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တိုင်းတွင် ကျရာအခန်းကဏ္ဍများမှ အားသွန်ခွန်စိုက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရေး။
- ☆ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## မြန်မာ့တောင်သူ စိတ်ညီတူ

❊ အသက်သခင် ကျေးဇူးရှင်ဟု
သင်ငါလေးစား အသွေးသားမှ
အားထားရိုသေ မေတ္တာဝေသည့်
မြေကရွှေသီး တောင်သူကြီး။

❊ ကောက်ပဲသီးနှံ မိုးလေမှန်၍
စံတင်ထွက်တိုး ဝင်ငွေမိုးတို့
သွန်းဖြိုးဖြိုင်ဖြိုင် ပြည်လုံးလှိုင်ပြီး
ခိုင်ကျည်ပွားစီး တောင်သူကြီး။

❊ ယခုအခါ "စံပြရွာ"နှင့်
သာလွန်မြင့်ခေါင် "မြစိမ်းရောင်" ပြင်
ဆောင်ယူမနေး "မီးလင်းရေး" တို့
ဖေးမပေါင်းစပ် "Cash For Work" ။

❊ တောင်သူအမြင့် ပြည်ဂုဏ်တင့်ဟု
ရင့်ကျက်ခိုင်မာ အတွေးလွှာကို
နာယူတည်ဆောက် တောထိရောက်ပြီ
ဖောက်လမ်းတံတား များမှများ ။

❊ စိုက်မွေးထုတ်ချေး အတိုးသေးကြောင့်
ဆေးချက်ပီပီ လှပန်းချီသို့
ရည်တူတက်လှမ်း တောနယ်ခန်းဟု
ဝမ်းမြောက်ရွှင်သာ ရောက်သောအခါ။

❊ မြန်ပြည်တစ်ဝှမ်း တောင်သူသန်းတို့
ကျန်းမာပကတိ ချမ်းသာရှိလျက်
သိဉာဏ်တိုးတက် တန်ခိုးထက်ကာ
မက်မောခုံမင် တောရပ်ခွင်ကို
သွင်ပြင်အပေါင်း ခုထက်ကောင်းအောင်
ပြောင်းကာစိုက်ထူ စိတ်ညီတူ။ ။

(တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုပါ၏။)

ညိုဝင်း(ချစ်မြေ)




## နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်

နေပြည်တော် မတ် ၁

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

❂ *ရှေ့ဖုံးမှ*

## တိုင်းစစ်ဌာနချုပ်၏ ဦးရေးထောက်ဆိုင်ရာ လုပ်ငန်းများနှင့် နယ်မြေလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး ဆောင်ရွက်နေမှု

ဦးစွာ တိုင်းစစ်ဌာနချုပ်အစည်းအဝေးခန်းမ၌ တိုင်းမှူးက အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ သမိုင်းအကျဉ်း၊ တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း လုံခြုံရေး၊ နယ်မြေစိုးမိုးရေးနှင့် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်နေမှုအခြေအနေများ၊ နယ်စပ်ဒေသ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးဆိုင်ရာများ ဆောင်ရွက်ထားရှိမှု၊ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိမှု၊ တရားမဝင်ကုန်သွယ်မှုများအား တားဆီးဆောင်ရွက်လျက်ရှိမှု၊ ယာယီတိုက်ပွဲရှောင်သူများအား ၎င်းတို့၏ နေရပ်အသီးသီးသို့ ပြန်လည်ပို့ဆောင်ပေးခြင်းနှင့် လိုအပ်သည့် ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးလျက်ရှိမှု၊ ဒေသခံပြည်သူလူထုတို့အား ကျန်းမာရေးစောင့်ရှောက်ပေးနိုင်မှု၊ ပညာရေးရိပ်သာများ ဖွင့်လှစ်၍ ကျောင်းသား ကျောင်းသူများ၏ စားဝတ်နေရေး အဆင်ပြေမှုရှိအောင် ဆောင်ရွက်ပေးလျက်ရှိမှု၊ တပ်ပိုင်စိုက်ပျိုး မွေးမြူရေးလုပ်ငန်းများမှ သက်သာချောင်ချိရေး ဆောင်ရွက်ပေးနိုင်မှုတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း တာဝန်ထမ်းဆောင်နေသူများအနေဖြင့် မိမိတို့တာဝန်ထမ်းဆောင်ရသည့် နယ်မြေဒေသ၏ သမိုင်းကြောင်း အစဉ်အလာနှင့် ပကတိအခြေအနေမှန်များကို သိရှိနားလည်ရမည်ဖြစ်ပြီး ဒေသတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဒေသခံများနှင့် အတူတကွ ဝိုင်းဝန်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်ပြောကြားရာတွင် တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်ရင်းတပ်ဖွဲ့များအနေဖြင့် တိုက်စွမ်းရည်၊ တိုက်စွမ်းအားပြည့်ဝနေရန် လိုအပ်မည်ဖြစ်ပြီး တပ်ရင်းတပ်ဖွဲ့အလိုက် လေ့ကျင့်ရမည်ဖြစ်သကဲ့သို့ လေ့ကျင့်ရေးသင်တန်းကျောင်းများကလည်း အမြဲမပြတ်လေ့ကျင့်ပေးနေရန် လိုအပ်မည်ဖြစ်ကြောင်း၊ မိမိတို့ သင်ကြားထားသည့် စစ်ပညာများကို ထိထိရောက်ရောက် အသုံးချနိုင်ရန် လိုကြောင်း၊ အဆင့်ဆင့်သော ခေါင်းဆောင်များကိုယ်တိုင် စိတ်ဓာတ်၊ စည်းကမ်းကောင်းမှသာလျှင် တိုက်စွမ်းရည်၊ တိုက်စွမ်းအား ကောင်းမွန်သည့် တပ်များ ဖြစ်လာမည်ဖြစ်သဖြင့် စစ်သည် တစ်ဦးချင်း စိတ်ဓာတ်၊ စည်းကမ်းနှင့် ခံယူချက်ကောင်းများ ရှိအောင် လေ့ကျင့်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ညီညွတ်မှုတပြီး တပ်မှူးကောင်းစိတ်ထား၍ မိမိတို့၏ လက်အောက်ငယ်သားများကို မှန်မှန်ကန်ကန် ကွပ်ကဲအုပ်ချုပ် ဆောင်ရွက်ရန် လိုကြောင်းဖြင့် မှာကြားခဲ့သည်။

## အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြား

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် အမ်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တိုင်းစစ်ဌာနချုပ်ခန်းမ၌ သွားရောက်တွေ့ဆုံ အမှာစကား ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးနှင့် တာဝန်ရှိသူများ၊ အမ်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

## စွမ်းရည်ရှိပြီး စွမ်းပကားမြင့်မားသည့် တပ်မတော်ဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်

ထိုသို့ တွေ့ဆုံအမှာစကား ပြောကြားရာ၌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေရှိ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် တွေ့ဆုံရသည့်အတွက် ဝမ်းမြောက်ပါကြောင်းနှင့် တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်းရှိ တပ်ရင်းတပ်ဖွဲ့များအနေဖြင့် နိုင်ငံ၏ အနောက်ဘက်ခြမ်း နယ်မြေလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်များကို ခေတ်အဆက်ဆက် တာဝန်ထမ်းဆောင်လျက်ရှိကြောင်း၊ တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိပါးလာသည့် ပြည်ပအန္တရာယ်များကို ကာကွယ်စောင့်ရှောက်ရန်နှင့် နိုင်ငံနှင့် နိုင်ငံသားတို့၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်ဖြစ်ကြောင်း၊ နိုင်ငံတကာရှိ တပ်မတော်တိုင်းသည် ပြည်ပအန္တရာယ်၊ ရန်စွယ်များကို ကာကွယ်ရန်ဖြစ်ပြီး ရဲတပ်ဖွဲ့သည် ပြည်တွင်းလက်နက်ကိုင် အကြမ်းဖက်မှုများ၊ ပဋိပက္ခများကို ကိုင်တွယ်ဖြေရှင်းရသည်ဖြစ်သော်လည်း မိမိတို့နိုင်ငံတွင် သမိုင်းကြောင်းအခြေအနေများအရ တပ်မတော်မှ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့်အတူ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခဖြေရှင်းရေးနှင့် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ် လုံခြုံရေးတွင် ဝင်ရောက်တာဝန်ထမ်းဆောင်နေရခြင်းဖြစ်ကြောင်း၊ နိုင်ငံ၏ပထဝီဝင်အနေအထားအရ မိမိတို့အနေဖြင့် ဖြစ်ပေါ်လာနိုင်သည့်အခြေအနေများအပေါ်တွင်လည်း ကျယ်ကျယ်ပြန့်ပြန့် သုံးသပ်၍ အရှည်မျှော်တွေးပြီး ဆောင်ရွက်ကြရန်လိုကြောင်း။

တပ်မတော်အနေဖြင့် တိုင်းရင်းသားလက်နက်ကိုင် ပဋိပက္ခများချုပ်ငြိမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နေရမည်ဖြစ်သကဲ့သို့ ပြည်ပရန် ကာကွယ်ရေးအတွက်လည်း Standard Army တစ်ခု ဖြစ်စေရေး လိုအပ်သည်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ လက်နက်များ စွမ်းအားမြင့်မားရေး၊ အရာရှိ၊ စစ်သည်များ၏ စွမ်းရည်မြင့်မားရေးအတွက် အမြဲမပြတ် မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း၊ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့များ အားလုံး အဆင့်မြှင့်တင်ခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိသဖြင့် တပ်မတော်၏ စွမ်းပကားမြှင့်တင်ရန်အတွက် စစ်သည်တစ်ဦးချင်း၏ စွမ်းရည်မြင့်မားစေရေး လေ့ကျင့်ရေးတာဝန်များကိုလည်း မှန်မှန်ကန်ကန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စစ်မြေပြင်တွင် သင်ကြားပေးထားသည့် စစ်အတတ်ပညာများကို စနစ်တကျ အသုံးချမည်ဆိုပါက ထိခိုက်မှုများ နည်းပါးစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စစ်သည်တစ်ဦးချင်း၊ တပ်တစ်တပ်ချင်းမှအစပြု၍ တပ်မတော်တစ်ရပ်လုံး စစ်ရေးစွမ်းရည် ထက်မြက်စေရေး ယခုထက် ပိုမိုကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။

## ပြည်သူအပေါ် ရေလို လလို ကျင့်ကြံ၊ ဒေသနှင့် တိုင်းပြည်အကျိုးကိုကြည့်၍ တာဝန်ကိုကျေပွန်စွာထမ်းဆောင်

ယခင်က ရခိုင်ပြည်နယ်သည် အကြောင်းအမျိုးမျိုးကြောင့် ဖွံ့ဖြိုးတိုးတက်မှု နည်းပါးခဲ့ပြီး လမ်းပန်းဆက်သွယ်မှုခက်ခဲခြင်းများ ဖြစ်ပေါ်ခြင်းကြောင့် ဒေသခံများအနေဖြင့် ခေတ်အဆက်ဆက် အစိုးရများအပေါ် ရင်းနှီးနားလည်မှု နည်းပါးခဲ့ကြောင်း၊ ထို့ကြောင့် တပ်မတော်အစိုးရလက်ထက်တွင် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကနဦးအရေးအကြီးဆုံးဖြစ်သည့် လမ်းပန်းဆက်သွယ်မှုများ ကောင်းမွန်စေရေး ဆောင်ရွက်ပေးခဲ့ကြောင်း၊ စစ်တွေ–ရန်ကုန် လမ်းမကြီးကို ဖောက်လုပ်ပေးခဲ့ကြောင်း၊ ယခင်က သွားလာမှုခက်ခဲခြင်းကြောင့် ဒေသခံရခိုင်လူမျိုးများအနေဖြင့် မြေပြန့်ဒေသရှိ ပြည်သူများနှင့် ထိတွေ့ဆက်ဆံမှု နည်းပါးခဲ့ကြောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲပြီး ပြည်ထောင်စုကြီးပြိုကွဲစေရေးကို လိုလားသည့် အချို့သော အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှုများကြောင့် တိုင်းရင်းသားအချင်းချင်း အထင်အမြင်လွဲမှားမှုများကို *စာမျက်နှာ ၄ သို့*

❖ **တပ်မတော်အနေဖြင့် တိုင်းရင်းသားလက်နက်ကိုင် ပဋိပက္ခများချုပ်ငြိမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နေရမည်ဖြစ်သကဲ့သို့ ပြည်ပရန်ကာကွယ်ရေးအတွက်လည်း Standard Army တစ်ခုဖြစ်စေရေး လိုအပ်သည်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိ**

*စာမျက်နှာ ၃ မှ*

ပိုမိုဖြစ်ပေါ်စေခဲ့ကြောင်း၊ ထို့ကြောင့် ဒေသတွင်း တာဝန်ထမ်းဆောင်နေကြသူများအနေဖြင့် နယ်မြေဒေသ၏ နောက်ခံသမိုင်းကြောင်းကို သိရှိနားလည်ရန်လိုပြီး ဒေသတွင်း တည်ငြိမ်အေးချမ်းရေး၊ သက်သာချောင်ချိရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသခံတိုင်းရင်းသားများ၏ စိတ်နေသဘောထားများကို သိရှိပြီး စိတ်ရှည်သည်းခံစွာဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ ဒေသနှင့် တိုင်းပြည်အကျိုးကို ကြည့်၍ မိမိတို့၏ တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြရန်လိုကြောင်း၊ တပ်မတော်သားများသည် စည်းကမ်းနှင့်အညီနေထိုင်ကြသူများဖြစ်ခြင်းကြောင့် ပြည်သူများနှင့် ထိတွေ့ဆောင်ရွက်ရာတွင် ပြည်သူ့အပေါ် ထားရှိရမည့် ကျင့်ဝတ်တွင် ပါဝင်သည့်အတိုင်း ပြည်သူအပေါ် ရေလိုလလိုကျင့်ကြံကြရန်လိုကြောင်း၊ အလားတူ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း လူထုအကျိုးပြုလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ကြရန်လိုကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် ဒေသခံပြည်သူများအား အားပေးစကား ပြောကြားစဉ်။

### ပညာရည်မြင့်မားသည့် လူသားအရင်းအမြစ်ကောင်းများ ပေါ်ကြွယ်ဝမှသာလျှင် ဒေသနှင့်တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်

ယခင်က ရခိုင်ပြည်နယ်သည် အုပ်ချုပ်မှုစနစ်၊ ပညာရေးတို့တွင် အားကောင်းခဲ့သည်များရှိသည်ကို လေ့လာတွေ့ရှိရကြောင်း၊ သို့သော်လည်း နောက်ပိုင်းတွင် မူဂျာဟစ်သောင်းကျန်းသူများနှင့် ဒေသတွင်း လူမျိုးရေးပဋိပက္ခများ ဖြစ်ပေါ်ခဲ့မှုများ စသည့် အကြောင်းအမျိုးမျိုးကြောင့် ရခိုင်ပြည်နယ်သည် ဖွံ့ဖြိုးတိုးတက်ရေးတွင် များစွာနောက်ကျခဲ့ရကြောင်း၊ ဒေသ တစ်ခု၊ နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာအတတ်ပညာနှင့် ပြည့်စုံသည့် လူသားအရင်းအမြစ်ကောင်းများရှိရန် မဖြစ်မနေ လိုအပ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ပညာရေးကို နိုင်ငံနှင့် အဝန်းမြှင့်တင်ဆောင်ရွက်ပေးလျက်ရှိပြီး ရခိုင်ပြည်နယ်အတွင်း ပညာရည်မြင့်မားရေးအတွက်လည်း နိုင်ငံတော်အနေဖြင့် အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ပညာတတ်များ ပေါ်များမှသာ ဒေသဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ပြီး ထိုမှတစ်ဆင့် တိုင်းရင်းသားအချင်းချင်း အထင်အမြင်လွဲမှားနေမှုများကို နည်းပါးစေကာ ချစ်ကြည်ရင်းနှီးမှုကို ပိုမိုအထောက်အကူပြုစေမည်ဖြစ်ပြီး စုစည်းညီညွတ်ပြီး ဖွံ့ဖြိုးတိုးတက်သည့် ပြည်ထောင်စုကြီးကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း။

အသိပညာ၊ အတတ်ပညာများသည် အတန်းပညာအပေါ်တွင် မူတည်ကြောင်း၊ ထို့ကြောင့် တပ်မတော်သားများ အတန်းပညာမြင့်မားရေးအတွက်လည်း တပ်မတော်မှ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အလားတူ တပ်မတော်သားများ၏ မိသားစုဝင် သားသမီးများ ပညာရည်မြင့်မားစေရေး အားပေးဆောင်ရွက်ကြစေလိုကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် လမ်းခုလတ်တွင် ပညာရေး မပြီးဆုံးစေလိုဘဲ အဆင့်မြင့်ပညာရပ်များ သင်ကြားပြီးမြောက်သည်အထိ အားပေးဆောင်ရွက်ကြစေလိုကြောင်း၊ သို့မှသာ မိမိတို့သားသမီးများ၏ ဘဝရပ်တည်ရေးအတွက် အဆင်ပြေချောမွေ့စေမည်ဖြစ်ကြောင်း၊ မိမိတို့၏ မိဘများအနေဖြင့် မိမိတို့အပေါ် မိဘတာဝန်ကျေခဲ့သကဲ့သို့ မိမိတို့အနေဖြင့်လည်း မိမိတို့သားသမီးများအပေါ် မိဘဝတ္တရားကျေအောင် ဆောင်ရွက်ပေးကြစေလိုကြောင်း၊ အလားတူ မိမိတို့၏ အသိပညာ အတတ်ပညာများမြင့်မားတိုးတက်စေရေးအတွက်လည်း ဗဟုသုတတိုးပွားစေမည့် စာအုပ်စာပေများကို အမြဲမပြတ်ဖတ်ရှုလေ့လာနေရန်လိုကြောင်း။

### မိမိကိုယ်ကိုယ် ထိန်းသိမ်းနေထိုင်ခြင်းဖြင့် လူမှုဘဝတိုးတက်စေရေး မြှင့်တင်ရမည်

ထို့ပြင် အရာရှိ၊ စစ်သည်၊ မိသားစုများအနေဖြင့် မိမိအတွက် အကျိုးမရှိသည့် အရက်သေစာသောက်စားမှုများကို တစ်ဦးချင်း အသိတရားဖြင့် စနစ်တကျ ထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ အရက်သေစာလွန်ကျူးစွာ သောက်စားမှုကြောင့် ကျန်းမာရေး ထိခိုက်မှုကိုသာမက လူမှုရေးပြဿနာများပါ ကြုံတွေ့ရနိုင်ကြောင်း၊ အလားတူ ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် ဆေးလိပ်နှင့် ကွမ်းစားသုံးမှုများကိုလည်း အတတ်နိုင်ဆုံး ထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ သက်သာချောင်ချိရေးနှင့် ပတ်သက်၍ တပ်ပိုင်နှင့်တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ တပ်ပိုင်စိုက်ပျိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင်လည်း အများအတွက်အကျိုးရှိမည့် မွေးမြူရေးကို ဆောင်ရွက်ကြစေလိုကြောင်း၊ တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးများကို ဆောင်ရွက်ရာတွင်လည်း မိမိတို့တတ်နိုင်သလောက် အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ကြစေလိုကြောင်း၊ သို့မှသာ အသား၊ ငါး၊ ဟင်းသီးဟင်းရွက်များကို ဈေးနှုန်းသက်သာစွာဖြင့် စားသုံးနိုင်ပြီး မိမိတို့၏ ငွေကြေးသုံးစွဲမှုကို များစွာသက်သာစေမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် အရာရှိ၊ စစ်သည်တစ်ဦးချင်း အဆင့်အလိုက် ရသင့်ရထိုက်သည့် ရပိုင်ခွင့်များနှင့် အခွင့်အရေးများကို နေရေး၊ စားရေး၊ ဝတ်ရေးတို့မှအစ တတ်နိုင်သရွေ့ ဖြည့်ဆည်း ဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း၊ ထို့ပြင် စစ်သည်တစ်ဦးချင်းအတွက် အကျိုးကို ခိုင်မာစွာ ဖြစ်ပေါ်စေနိုင်ပြီး စဉ်ဆက်မပြတ်သော အမြတ်ငွေများ နှစ်စဉ်ရရှိစေနိုင်သည့် မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် အစုရှယ်ယာထည့်ဝင်ခြင်းများကို ဆောင်ရွက်နိုင်ရန်လည်း အခွင့်အလမ်းများ ဖော်ဆောင်ပေးထားပြီးဖြစ်ကြောင်း၊ စစ်သည်တစ်ဦးတစ်ယောက်ချင်း၏ အကျိုးကို မျှော်တွေး၍ ဆောင်ရွက်ပေးထားခြင်းဖြစ်သဖြင့် မိမိတို့၏ ကိုယ်ပိုင်စဉ်းစားဆင်ခြင်မှုများဖြင့် ရေရှည်ကိုကြည့်ကာ ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း။

အရာရှိ၊ စစ်သည်များအနေဖြင့် မိမိတို့လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင် အောင်မြင်မှုများရရှိမည်ဆိုပါက လူအများက မိမိအပေါ်ယုံကြည်မှုတိုးတက်စေမည်ဖြစ်ကြောင်း၊ သို့မှသာ မိမိတို့ဘဝတိုးတက်ရေးအတွက် အထောက်အကူပြုမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ကို ပေးအပ်လာသည့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင် စိတ်လက်ကြည်သာစွာဖြင့် ပျော်ရွှင်စွာထမ်းဆောင်ကြရန်လိုကြောင်း မှာကြားသည်။

### စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တိုင်းမှူးကလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးက တပ်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တိုင်းမှူး၏ ဇနီးကလည်းကောင်း လက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြပြီး အရာရှိ၊ စစ်သည်၊ မိသားစုများ၏ တင်ပြချက်များကို လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

### ဆေးရုံတက်ရောက်ကုသမှု ခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများ၏ ကျန်းမာရေးအခြေအနေများအား ရင်းရင်းနှီးနှီး မေးမြန်းအားပေး

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဇနီးနှင့် အဖွဲ့ဝင်များသည် အမ်းမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ သွားရောက်၍ ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၏ ကျန်းမာရေးအခြေအနေများကို တစ်ဦးချင်း ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့သည် တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့များမှ ဆေးကုသရေးအစီအစဉ်ဖြင့် ကုသပေးခဲ့ပြီး ဆေးရုံတက်ရောက် ကုသလျက်ရှိသည့် ဒေသခံပြည်သူများ၏ ကျန်းမာရေးအခြေအနေတိုးတက်မှုများကို တစ်ဦးချင်းရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်သည်။ အဆိုပါ အမ်းမြို့ရှိ နယ်မြေခံ တပ်မတော်ဆေးရုံအနေဖြင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ ကျန်းမာရေးစောင့်ရှောက်မှုများအပြင် ဒေသခံပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုများကိုလည်း ထိထိရောက်ရောက် ဆောင်ရွက်ပေးလျက်ရှိသဖြင့် ဒေသခံပြည်သူအများအပြား တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိပြီး ဒေသခံများလည်း အားကိုးယုံကြည်လျက်ရှိကြောင်းနှင့် နယ်မြေဒေသအတွင်းရှိ ပြည်သူလူထု၏ ကျန်းမာရေး မြှင့်တင်မှုများကို များစွာအထောက်အကူပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကာကွယ်ဆေးသိုလှောင်အအေးခန်း ပန္နက်ရိုက်မင်္ဂလာ အခမ်းအနားကျင်းပ

**ပဲခူး မတ် ၁**

ပဲခူးခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံး၌ ကာကွယ်ဆေးသိုလှောင်အအေးခန်း ပန္နက်ရိုက်မင်္ဂလာ အခမ်းအနားကို မတ် ၁ ရက် နံနက်က ကျင်းပသည်။

ရှေးဦးစွာ လုပ်ငန်းစီမံချက်များကို တာဝန်ခံအင်ဂျင်နီယာက ရှင်းလင်းတင်ပြရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပဲခူးဒေသသည် လျှပ်ကြောကျရောက်သည့်နေရာတွင် တည်ရှိနေသဖြင့် လျှပ်ဒဏ်ခံနိုင်သည့် အဆောက်အအုံများဖြစ်ရန်လိုအပ်ပြီး ကာကွယ် ဆေးများ သိုလှောင်မည့် အအေးခန်းဖြစ်၍ မိုးလုံလေလုံဖြင့် သယ်ယူပို့ဆောင်ခြင်းများ ဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်ရန်လိုကြောင်း၊ လျှပ်စစ်မီးလိုင်းများ စနစ်တကျတပ်ဆင်ရန်နှင့် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေးဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်လွင်လွင်အေးကျော်၊ လူမှုရေးရာဝန်ကြီး ဦးအောင်မင်းနှင့် ပဲခူးဆေးရုံအုပ်ကြီး ဒေါက်တာ ဇော်လွင်တို့က ပန္နက်တိုင်များကို ရိုက်သွင်းခဲ့ပြီး**(ယာပုံ)** ကာကွယ်ဆေး သိုလှောင်အအေးခန်း ပန္နက်ရိုက်မင်္ဂလာအခမ်းအနား အောင်မြင်စွာပြီးမြောက်ခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



❒ *ရှေ့ဖုံးမှ*

စီးပွားရေးလုပ်ငန်း (MSME) များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး” ဆိုသည့် ဦးတည်ချက်များနှင့်အညီ နိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍတို့ ဖွံ့ဖြိုးတိုးတက်ရေးကို ပဓာနကျသည့် တာဝန်တစ်ရပ်အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်၏ အခြေခံစီးပွားရေးကဏ္ဍကြီးဖြစ်သော စိုက်ပျိုးမွေးမြူရေးကဏ္ဍမှ စားရေရိက္ခာဖူလုံရေးနှင့် အာဟာရပြည့်ဝစွာ စားသုံးနိုင်ရေး၊ အစားအစာဘေးကင်းလုံခြုံရေးတို့ကို အဓိကထား၍ ဖော်ဆောင်ပေးရာတွင် တောင်သူလယ်သမားကြီးများနှင့် ၎င်းတို့မိသားစုများ၏စွမ်းအားသည် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပေရာ နိုင်ငံတော်အနေဖြင့်လည်း ယင်းကဲ့သို့ စွမ်းအားရှင်များ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးကိုပါ တစ်ပါတည်း ဒွန်တွဲဆောင်ရွက်ပေးလျက်ရှိပါသည်။

ကမ္ဘာပေါ်တွင် ရာသီဥတုပြောင်းလဲမှု၊ နိုင်ငံရေးမတည်ငြိမ်မှုများကြောင့် နိုင်ငံအများစု၏ စားရေရိက္ခာဖူလုံမှုအပေါ် စိန်ခေါ်မှုများစွာ ပေါ်ပေါက်လျက်ရှိပြီး နိုင်ငံတိုင်းကလည်း ပြည်တွင်းစားရေရိက္ခာ ဖူလုံရေးအတွက် မူဝါဒမျိုးစုံ ချမှတ်ကျင့်သုံးလျက်ရှိပါသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း အရည်အသွေးနှင့် အထွက်နှုန်းပိုမိုကောင်းမွန်သည့် ဆန်စပါးတိုးချဲ့ စိုက်ပျိုးထုတ်လုပ်ရေးနှင့် ပြည်ပသို့ ပိုမိုတင်ပို့နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ပြည်ပပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးအတွက် ရေးဆွဲအကောင်အထည်ဖော်လျက်ရှိသော အမျိုးသားပို့ကုန် မဟာဗျူဟာရည်မှန်းချက်၏ ဦးစားပေးပို့ကုန်အမယ်များတွင် ဆန်နှင့် ဆန်ထွက်ပစ္စည်းကဏ္ဍသည် ဦးစားပေးကဏ္ဍတစ်ရပ်ဖြစ်ပါသည်။ ဆန်စပါးတင်ပို့မှုမြှင့်တင်ရေး မဟာဗျူဟာမျှော်မှန်းချက်မှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဝင်ငွေတိုးတက်လာစေရေးအတွက် အရည်အသွေးမြင့်မားပြီး သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်မည့် ရေရှည်ဖွံ့ဖြိုးတိုးတက်သော ဆန်စပါး စိုက်ပျိုးထုတ်လုပ်ရေးနှင့် တင်ပို့ရေးပင်ဖြစ်ပါသည်။

ထို့ပြင် ဒေသတွင်း စားရေရိက္ခာဖူလုံရေးသာမက ပြည်ပပို့ကုန်တိုးမြှင့်တင်ပို့ရန်နှင့် နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရန် လယ်ယာမြေများကို အခြားနည်းဖြင့် သုံးစွဲခြင်းများ မရှိစေရေးနှင့် စိုက်ဧက တိုးချဲ့ရေးဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ သီးနှံများ၏ တစ်ဧကအထွက်နှုန်းတိုးတက်ရေးကို အလေးပေး ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ သီးနှံတစ်ဧကအထွက်နှုန်း တိုးတက်ရေးဆောင်ရွက်ရာတွင် အဓိကအချက်များဖြစ်သည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ သွင်းအားစုများ ဈေးနှုန်းသက်သာစွာ ဝယ်ယူရရှိရေးအတွက် အစိုးရ၊ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များနှင့် တောင်သူလယ်သမားများအားလုံး ပူးပေါင်းဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။ ရာသီဥတုပြောင်းလဲလာမှုကြောင့် ရေအရင်းအမြစ်များ လျော့ပါးလာသဖြင့် နိုင်ငံတော်အစိုးရအနေဖြင့် တောင်သူလယ်သမားကြီးများ စိုက်ပျိုးရေရရှိရေး နည်းမျိုးစုံဖြင့် ဆောင်ရွက်ပေးလျက်ရှိရာ ရေကို ထိရောက်စွာအသုံးပြုရေးနှင့် အလေအလွင့်မရှိစေရေး သတိထားဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ထို့ကြောင့် စားရေရိက္ခာဖူလုံရေးနှင့် ပြည်ပသို့ ပိုမိုတင်ပို့နိုင်ရေးအတွက် သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားစေ၍ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (၂၀၁၈–၂၀၃၀ ခုနှစ်)ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ စီးပွားရေးမူဝါဒတွင်လည်း စားရေရိက္ခာဖူလုံရေးနှင့် ပို့ကုန်ကဏ္ဍမြှင့်တင်ရေးအတွက် သီးနှံအလိုက် နှစ်စဉ်စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိရာ ၂၀၂၁–၂၀၂၂ ခုနှစ်တွင် တိုင်းဒေသကြီး/ ပြည်နယ်များ၌ စပါး (၁၇,၂၉၄,၄၅၇) ဧက၊ ပဲမျိုးစုံ (၉,၇၆၉,၈၁၉) ဧက၊ ဆီထွက်သီးနှံ (၇,၅၄၃,၂၁၇) ဧက၊ အစေ့ထုတ်ပြောင်း (၁,၅၀၁,၅၁၄) ဧက၊ ဝါသီးနှံ (၃၉၃,၇၈၁) ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၂၂–၂၀၂၃ ခုနှစ်တွင် စပါး (၁၅,၂၂၃,၃၃၂) ဧက၊ ပဲမျိုးစုံ (၉,၅၈၂,၀၁၅) ဧက၊ ဆီထွက်သီးနှံ (၇,၈၃၄,၃၇၆) ဧက၊ အစေ့ထုတ်ပြောင်း (၁,၄၇၄,၉၅၁) ဧကနှင့် ဝါသီးနှံ (၄၅၈,၃၈၈) ဧက စိုက်ပျိုးဆောင်ရွက်ထားရှိပြီးဖြစ်ပါသည်။

# ◆ စိုက်ပျိုးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာခြင်းဖြင့် ပါဝင်ဆောင်ရွက်လျက်ရှိသော တောင်သူများ၊ လယ်ယာလုပ်သားများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ သီးနှံတန်ဖိုးကွင်းဆက်တစ်လျှောက် ပါဝင်ပတ်သက်ကြသူများအားလုံး အကျိုးကျေးဇူးကို မျှတစွာခံစားကြရမည် ဖြစ်သကဲ့သို့ နိုင်ငံစီးပွားရေးကိုလည်း အထောက်အကူပြုမည်ဖြစ်

စပါးအထွက်နှုန်းတိုးတက်ရေးအတွက် ၂၀၂၂–၂၀၂၃ ခုနှစ်၌ သိပ္ပံနည်းကျ စိုက်နည်းစနစ်ဖြင့် တစ်ကွင်းတစ်စပ်တည်း မိုးစပါးဧက(၁၀၀) စံပြကွက်များ စိုက်ပျိုးခြင်းစီမံကိန်းကို ဆောင်ရွက်လျက်ရှိပြီး တိုင်းဒေသကြီး/ပြည်နယ် (၁၂)ခုဖြစ်သည့် နေပြည်တော်ကောင်စီနယ်မြေ၊ ကချင်၊ ကရင်၊ မွန်၊ ရခိုင်၊ ရှမ်းပြည်နယ်တို့နှင့် စစ်ကိုင်း၊ ပဲခူး၊ မကွေး၊ မန္တလေး၊ ရန်ကုန်၊ ဧရာဝတီတိုင်းဒေသကြီးတို့ရှိ မြို့နယ် (၁၅)မြို့နယ်တွင် (၁၅၀၀)ဧက လျာထားဆောင်ရွက်ခဲ့ရာ (၁၆၀၀) ဧက စိုက်ပျိုးနိုင်ခဲ့ပြီး တစ်ဧကလျှင် ပျမ်းမျှ (၁၁၅.၇၆) တင်းထွက်ရှိအောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။ စပါးအထွက်နှုန်းများကို တစ်ဧကချင်းအလိုက် အထွက်နှုန်းတိုးအောင် ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်တွင်း ဆန်ဖူလုံမှုလုံလောက်သည့်အပြင် ပြည်ပသို့ တင်ပို့ရောင်းချနိုင်မည်ဖြစ်၍ တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်ပြီး နိုင်ငံတော်အတွက်လည်း အကျိုးဖြစ်ထွန်းမည်ဖြစ်ပါသည်။

ပြည်တွင်းဆီစားသုံးမှုဖူလုံစေရန် ဆီထွက်သီးနှံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်အလိုက် နေရာဒေသမရွေး စိုက်ပျိုးနိုင်သည့် နေကြာသီးနှံစိုက်ဧက (၁.၅) သန်းအထိ တိုးချဲ့စိုက်ပျိုးရေးကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ နေကြာစိုက်တောင်သူများအတွက် စိုက်ပျိုးစရိတ်ကုန်ကျမှုကို အထောက်အပံ့ဖြစ်စေရေးအတွက် နိုင်ငံတော်က ခွင့်ပြုငွေကျပ် ၁၀၀.၂၄၈ ဘီလီယံဖြင့် နေကြာစိုက်ပျိုးရာသီများတွင် နေကြာမျိုးစေ့နှင့် သွင်းအားစုများ အချိန်မီပံ့ပိုးထုတ်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ လက်ရှိအချိန်တွင် အချို့သည် ဆီကို လိုအပ်သည်ထက်ပိုမိုစားသုံးနေကြသဖြင့် ကျန်းမာရေးအရ ထိခိုက်ဆုံးရှုံးမှုများနှင့်အတူ ပြည်ပမှ မှာယူတင်သွင်းရမှုများ မြင့်တက်လျက်ရှိပါသည်။ ဆီကို လိုသလောက်သာ သုံးစွဲခြင်းဖြင့် ကျန်းမာရေးကောင်းမွန်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်သည့်အပြင် ပြည်တွင်းဆီဖြင့် စားသုံးမှုလုံလောက်စေရန် ကြိုးပမ်းခြင်းဖြင့်လည်း နိုင်ငံခြားငွေသုံးစွဲမှုကို လျှော့ချစေနိုင်မည်ဖြစ်သဖြင့် ဆီထွက်သီးနှံစိုက်ပျိုးမှုမြှင့်တင်ရေးကို ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းလိုပါသည်။

အလားတူ ချည်တင်သွင်းမှု လျှော့ချနိုင်ရေးအတွက် ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ပြီး ပြည်ပတင်ပို့နိုင်ရေးကို ရည်မှန်း၍ ချည်မျှင်ရှည်ဝါ တိုးမြှင့်ထုတ်လုပ်ရန် ဝါသီးနှံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချည်မျှင်ရှည်ဝါသီးနှံ တစ်ဧကအထွက်နှုန်း တိုးတက်ရေး၊ (၄)နှစ်ကာလအတွင်း ဧက(၇)သိန်းပြည့်မီအောင် စိုက်ပျိုးဆောင်ရွက်ရမည်ဖြစ်ပါသည်။ ဝါတစ်ဧက အထွက်နှုန်းပိဿာ (၇၀၀)နှင့်အထက် လျာထားချက် ပြည့်မီစေရန်နှင့် အရည်အသွေးကောင်းဝါနှင့် ဝါဂွမ်းများရရှိရေး (၂၀၂၂–၂၀၂၃ မှ ၂၀၂၅–၂၀၂၆) ခုနှစ်အထိ ကာလသတ်မှတ်၍ ချည်မျှင်ရှည်ဝါ တိုးတက်ထုတ်လုပ်ရေးစီမံကိန်းကို ဆောင်ရွက်လျက်ရှိပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တောင်သူလယ်သမားကြီးများခင်ဗျား**

**“နိုင်ငံ၏ စီးပွားရေးအခြေအနေကောင်းများ ဖန်တီးနိုင်မှသာလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်”** ဖြစ်သည့်အတွက် လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် တောင်သူလယ်သမားများ၏ စိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ပြီး တစ်ဦးချင်းဝင်ငွေတိုးတက်စေရန်နှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝနှင့် နိုင်ငံတော်၏ စီးပွားရေးအခြေအနေကို ပြန်လည်မြှင့်တင်နိုင်ရန် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ပဲတီစိမ်းနှင့် နှမ်းစပါးစီမံကိန်းကို ရေးဆွဲဆောင်ရွက်လျက်ရှိရာ ၂၀၂၂–၂၀၂၃ ခုနှစ်၌ နှမ်းစပါး သီးနှံဧက(၈၅၀,၀၀၀)နှင့် ပဲတီစိမ်းသီးနှံဧက (၅၀၀,၀၀၀) စိုက်ပျိုးထုတ်လုပ်ခြင်းတွင် ကျပ်ဘီလီယံ(၂၃၀) အား နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ သုံးစွဲဆောင်ရွက်သွားလျက်ရှိပါသည်။

အစားအစာနှင့် အာဟာရလုံခြုံမှုရှိစေရန်နှင့် သီးနှံအထွက်နှုန်းတိုးတက်စေရန်အတွက် မူရင်းသီးနှံသာမက သီးထပ်၊ သီးညှပ်စိုက်ပျိုးထုတ်လုပ်ခြင်း၊ ဘေးအန္တရာယ်ကင်းရှင်း၍ စံချိန်စံညွှန်းနှင့် ညီညွတ်သော သီးနှံထုတ်လုပ်ကုန်များ စိုက်ပျိုးထွက်ရှိရေးအတွက် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (Good Agriculture Practices–GAP) နှင့် အော်ဂဲနစ်စိုက်ပျိုးရေးကိုလည်း ပညာပေးဆောင်ရွက်လျက်ရှိပါသည်။ တောင်သူများ သီးနှံစိုက်ပျိုးထုတ်လုပ် ကုန်ကျစရိတ်သက်သာစေရန် ဓာတ်မြေဩဇာ စနစ်တကျထိရောက်စွာ အသုံးပြုတတ်စေရေး၊ သဘာဝမြေဩဇာ၊ သစ်စိမ်းနှင့် ဇီဝမြေဩဇာ သုံးစွဲတတ်လာစေရေး၊ မြေဆီလွှာပြုပြင်ထိန်းသိမ်းရေးအတွက် ပညာပေးဆောင်ရွက်လျက်ရှိပါသည်။

တောင်သူများ ဝင်ငွေတိုးတက်ရေးအတွက် သီးနှံအထွက်နှုန်းတိုးတက်လာစေရေး ပညာပေးဆောင်ရွက်ပေးခြင်းအပြင် ဇီဝမျိုးများ ထိန်းသိမ်းထားနိုင်ပြီး ရေရှည်တည်တံ့သော ပတ်ဝန်းကျင်အဖြစ် ထိန်းသိမ်းထားနိုင်ရေးအတွက် မှန်ကန်သော ထွန်ယက်စိုက်ပျိုးခြင်း၊ မျိုးစေ့အရည်အသွေးမြှင့်တင်ခြင်း၊ သီးနှံပိုးမွှားရောဂါ ကာကွယ်ရေး၊ မြေဆီဩဇာတိုးတက်ရေးနှင့် စိုက်ပျိုးရေကို စနစ်တကျစီမံခန့်ခွဲခြင်းနည်းပညာများကို တောင်သူများသို့ ပညာပေးဖြန့်ဝေလျက်ရှိပါသည်။ တောင်သူလယ်သမားများ စိုက်ပျိုးရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများရရှိရေးအတွက်လည်း မျိုးစေ့ထုတ်အသင်းအဖွဲ့များ (Seed Grower Association–SGA)၊ မျိုးစေ့ထုတ်သမဝါယမအသင်းများ (Seed Grower Cooperation–SGC)၊ မျိုးစေ့ထုတ်လယ်သမားအသင်းများ (Farmer Group Association)၊ ပုဂ္ဂလိကကဏ္ဍ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများကိုလည်း စီမံဆောင်ရွက်ပေးလျက်ရှိပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တောင်သူလယ်သမားကြီးများခင်ဗျား**

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုအနေဖြင့် ၂၀၂၂– ၂၀၂၃ ခုနှစ်တွင် ကျေးရွာ (၂၉,၂၉၄) ရွာတွင် ကျေးလက်ရေရရှိရေးလုပ်ငန်း (၁၂၀၄)ခု၊ ဆီထွက်သီးနှံ (၄,၄၃၁) ဧကအတွက် ဆိုလာရေတင်စနစ် (၁၁၁) ခု၊ မြို့ (၁၄)မြို့တွင် ရေပေးဝေခြင်း၊ ကျေးရွာ (၁၅,၀၆၃)ရွာတွင် ကျေးလက်မီးလင်းရေးအတွက် (Solar Home System–SHS) (၄၃,၇၀၇) ခုနှင့် Mini–grid (၈)ခု၊ ဆီထွက်သီးနှံ (၅၂၀၃)ဧကအတွက် ကုန်ထုတ်လမ်း၊ တံတားများနှင့် ဧက (၁.၈၆) သန်းအတွက် ပုံမှန်ကျေးလက်ကုန်ထုတ်လမ်း၊ တံတားများ တည်ဆောက်ခြင်း၊ ကျေးလက်အိမ်ရာ (၇၂) လုံး တည်ဆောက်ခြင်း၊ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်း

*စာမျက်နှာ ၆ သို့*

**❝ “နိုင်ငံ၏ စီးပွားရေးအခြေအနေကောင်းများ ဖန်တီးနိုင်မှသာလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်” ဖြစ်သည့်အတွက် လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် တောင်သူလယ်သမားများ၏ စိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ပြီး တစ်ဦးချင်းဝင်ငွေတိုးတက်စေရန်နှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝနှင့် နိုင်ငံတော်၏စီးပွားရေးအခြေအနေကို ပြန်လည်မြှင့်တင်နိုင်ရန် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ပဲတီစိမ်းနှင့် နှမ်းစပါးစီမံကိန်းကို ရေးဆွဲဆောင်ရွက်လျက်ရှိရာ ၂၀၂၂-၂၀၂၃ ခုနှစ်၌ နှမ်းစပါးသီးနှံဧက (၈၅၀,၀၀၀) နှင့် ပဲတီစိမ်းသီးနှံ ဧက (၅၀၀,၀၀၀) စိုက်ပျိုးထုတ်လုပ်ခြင်းတွင် ကျပ်ဘီလီယံ(၂၃၀)အား နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ သုံးစွဲဆောင်ရွက်သွားလျက်ရှိ ❞**

*စာမျက်နှာ ၅ မှ*

(၆၇၆)ကြိမ် ဆောင်ရွက်ခဲ့ခြင်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်း၊ ခေတ်မီစံပြကျေးရွာ ထူထောင်ရေးစီမံကိန်း၊ လူထုဗဟိုပြုစီမံကိန်းနှင့် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

အသားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် သွင်းအားစုများ ပံ့ပိုးခြင်းလုပ်ငန်းများဖြစ်သော မြစိမ်းရောင်(အသားကဏ္ဍ) ကျေးရွာများ ထူထောင်ခြင်း၊ မျိုးကောင်းမျိုးသန့်တိရစ္ဆာန်ဖြန့်ဖြူးခြင်း၊ မျိုးမြှင့်၊ မျိုးပွား၊ မျိုးထိန်းသိမ်းပေးခြင်းလုပ်ငန်းများတွင် မေထုန်မဲ့သားစပ်လုပ်ငန်း ဆောင်ရွက်ပေးခြင်း၊ မျိုးထိန်း၊ မျိုးပွားသုတေသနခြံများ တည်ထောင်ပြီး တောင်သူများအားမျိုးဖြန့်ဖြူးပေးခြင်း၊ တောင်သူလယ်သမားများအား ကောင်းမွန်သောတိရစ္ဆာန်မွေးမြူရေးကျင့်စဉ် (Good Animal Husbandry Practices–GAHP)နှင့်အညီ မွေးမြူထုတ်လုပ်ခြင်းလုပ်ငန်းများ လုပ်ဆောင်နိုင်ရန်အတွက် မွေးမြူရေးနည်းပညာပံ့ပိုးပေးခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ တိရစ္ဆာန်ရောဂါကာကွယ်ဆေးများထိုးနှံပေးခြင်း၊ ရောဂါဖြစ်ပွားမှုများအား ထိန်းချုပ်ခြင်းနှင့် ကုသခြင်း၊ ရောဂါစူးစမ်းလေ့လာခြင်း၊ သဘာဝဘေးဒဏ်သင့်ဒေသများသို့ တိရစ္ဆာန်အစာနှင့် ဆေးများထောက်ပံ့ပေးခြင်းတို့ ဆောင်ရွက်လျက်ရှိပါသည်။ ကုန်သွယ်မှုအတွက် ရည်ရွယ်၍ ပြောင်းချဉ်ဖတ် (Corn Silage) ကို ပို့ကုန်အမယ်အသစ်အနေဖြင့် တင်ပို့နိုင်ရန် တိရစ္ဆာန်အစာ ချဉ်ဖတ်ထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်သူများ လိုက်နာရမည့်ညွှန်ကြားချက်ကို ထုတ်ပြန်ထားရှိပြီးဖြစ်ပြီး နယ်စပ်ဒေသမှတစ်ဆင့်ပြည်ပဈေးကွက် လိုအပ်ချက်များအရ သုတေသနဆောင်ရွက်၍ တင်ပို့လျက်ရှိပါသည်။

ပြည်ပသို့ တိရစ္ဆာန်ထွက်ပစ္စည်းများတင်ပို့မှုအနေဖြင့် ၂၀၂၂–၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း (ဧပြီလမှ ဒီဇင်ဘာလအထိ) စုစုပေါင်းတန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ (၄၂.၉၈၂) သန်း ဝင်ငွေရရှိခဲ့ပါသည်။ အသား/ နို့/ ဥထုတ်လုပ်မှုအနေဖြင့် ၂၀၂၂–၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း (ဧပြီလမှ ဒီဇင်ဘာလအထိ) အသားပိဿာ (၅၅၅.၉၇၅)သန်း၊ နို့ပိဿာ (၉၇၇.၈၃၄) သန်း၊ ဥလုံးရေ (၂၈၄၉.၅၃၁) သန်း ထုတ်လုပ်နိုင်ခဲ့ပါသည်။

ငါးကဏ္ဍအနေဖြင့် ဖမ်းဆီး၊ မွေးမြူ ပြုပြင်ထုတ်လုပ်သူများနှင့် ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက် ငါးလုပ်ငန်းနှင့်ပတ်သက်သည့် ပါဝင်ဆက်သွယ်သူအားလုံး စုစုပေါင်း (၂)သန်းကျော်ရှိပြီး ပြီးခဲ့သည့်နှစ် ငါး/ ပုစွန်ဖမ်းဆီး၊ မွေးမြူခြင်းမှ မက်ထရစ်တန်ထောင်ပေါင်း (၆၀၇၄.၈၂)တန် ထုတ်လုပ်ခဲ့ပြီး (၁၀ %)ခန့်ကိုသာ ပြည်ပတင်ပို့ခဲ့ပြီး အများစုမှာ ပြည်တွင်း ငါးရိက္ခာလိုအပ်ချက်ကို ဖြည့်တင်းဆောင်ရွက်ပေးလျက်ရှိပါသည်။ ၂၀၂၂–၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလအထိ ငါးပုစွန်မွေးမြူခြင်း၊ ဖမ်းဆီးခြင်းတို့မှ မက်ထရစ်တန်ထောင်ပေါင်း (၄၅၂၈.၅၁) တန်ထုတ်လုပ်ခဲ့ပြီး ၎င်းအနက်မှ ရေထွက်ကုန်ပစ္စည်း (၃၀၀) မျိုးခန့်၊ မက်ထရစ်တန်ချိန် (၄၀၇,၄၆၉.၈၀၄) တန်ကို ပြည်ပသို့ တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ (၆၃၁.၂၄၂) သန်းရရှိခဲ့ပါသည်။ ၂၀၂၂–၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလအထိ မွေးမြူရေးငါးပုစွန် (၉၇၆.၀၆၆) တန် ထုတ်လုပ်ခဲ့ပြီး ၎င်းအနက်မှ ရေထွက်ကုန်ပစ္စည်း (၃၀)မျိုးခန့်၊ မက်ထရစ် တန်ချိန် (၄၇,၈၁၂.၈၄၅) တန်ကို ပြည်ပသို့တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ (၆၀.၂၈၅) သန်း ရရှိခဲ့ပါသည်။ ရေထွက်ကုန်ပစ္စည်းများအား နိုင်ငံပေါင်း (၄၀)ကျော်သို့ တင်ပို့လျက်ရှိရာ ရေထွက်ကုန်ပစ္စည်းများ အစားအစာ ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် နိုင်ငံတကာမှ သတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့်အညီ တင်ပို့နိုင်ရေးကို စစ်ဆေးဆောင်ရွက်လျက်ရှိပါသည်။ ရေထွက်ကုန်များကို ကဏ္ဍစုံမှ ထုတ်လုပ်နိုင်ခြင်းသည် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအထောက်အကူဖြစ်စေလျက်ရှိရာ ငါးလုပ်ငန်းနှင့်ပတ်သက်သည့် ပါဝင်ဆက်သွယ်သူများအားလုံး၏ လုံ့လဝီရိယဖြင့် ကြိုးပမ်းမှုများအပေါ် အသိအမှတ်ပြုပါကြောင်း ဖော်ပြအပ်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တောင်သူလယ်သမားကြီးများခင်ဗျား**

နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသူ တောင်သူလယ်သမားများအနေဖြင့် တန်ဖိုးမြှင့်ထုတ်ကုန် ကွင်းဆက်တစ်လျှောက် ပါဝင်ပတ်သက်နေကြသူများ၊ အဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်ပါသည်။ စိုက်ပျိုးမွေးမြူရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ၊ လိုအပ်သည့် စက်ကိရိယာအပါအဝင် သွင်းအားစုများ၊ စိုက်ပျိုးနည်းပညာများ ပြည့်စုံလာပါက ထုတ်လုပ်မှုစွမ်းအားတိုးလာပြီး နိုင်ငံ့စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ကုန်ကြမ်းများမှ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး စဉ်းစားဆောင်ရွက်ကြရန် လိုအပ်ပါသည်။ ထို့အပြင် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ဒေသတစ်ခု ထုတ်ကုန်တစ်မျိုး (One Region One Product) နှင့် စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များနှင့် ဆက်စပ်နေသော အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ (MSME)ကိုလည်း အောင်မြင်အောင် မြှင့်တင်ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုပါသည်။ စိုက်ပျိုးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာခြင်းဖြင့် ပါဝင်ဆောင်ရွက်လျက်ရှိသော တောင်သူများ၊ လယ်ယာလုပ်သားများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ သီးနှံတန်ဖိုးကွင်းဆက်တစ်လျှောက် ပါဝင်ပတ်သက်ကြသူများအားလုံး အကျိုးကျေးဇူးကို မျှတစွာ ခံစားကြရမည်ဖြစ်သကဲ့သို့ နိုင်ငံစီးပွားရေးကိုလည်း အထောက်အကူပြုမည်ဖြစ်ပါသည်။

မိမိတို့နိုင်ငံသည် သဘာဝမြေသယံဇာတ၊ ရေသယံဇာတပေါကြွယ်ဝလျက်ရှိပြီး စိုက်ပျိုးမွေးမြူရေးအတွက် ပြောင်းလဲဖြစ်ပေါ်လာသော ရာသီဥတုအခြေအနေအပေါ် မူတည်၍ လိုက်လျောညီထွေသော နည်းပညာများနှင့် ပေါင်းစပ်စိုက်ပျိုးမှုများပြုလုပ်က၊ တောင်သူလယ်သမားတို့၏ ပေါင်းစည်း အင်အားဖြင့်၊ လယ်ယာကဏ္ဍအပါအဝင် နိုင်ငံတော်၏အမျိုးသားရေး အကျိုးစီးပွားဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့်တင်၍ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ အခက်အခဲအကျပ်အတည်းများနှင့် ပြည်တွင်း၊ ပြည်ပကုန်သွယ်မှုကန့်သတ်ချက်များရှိနေသည့်ကြားမှ ယခုကဲ့သို့ လယ်ယာထွက်ကုန်၊ တိရစ္ဆာန်ထွက်ပစ္စည်းများ၊ အရှိန်အဟုန်မပျက် ထုတ်လုပ်တင်ပို့နိုင်သည်အထိ စွမ်းအားပြည့်ဆောင်ရွက်ပေးခဲ့ကြသော စားရေရိက္ခာထုတ်လုပ်ပေးကြသူ ကျေးဇူးရှင် တောင်သူလယ်သမားကြီးများကို အစဉ်ဂုဏ်ပြုအပ်ပါကြောင်းနှင့် ပြည်ထောင်စုတစ်ဝန်းလုံးရှိ တောင်သူလယ်သမားများအပါအဝင် နိုင်ငံသားအားလုံး၏ ရေရှည်အကျိုးစီးပွားအတွက် မိမိတို့ ရင်ဆိုင်ကြုံတွေ့ကြရမည့် စိန်ခေါ်မှုများ၊ အတားအဆီးများနှင့် အခက်အခဲမှန်သမျှတို့ကို ကျော်လွှားပြီး ရည်မှန်းချက်ပန်းတိုင်အရောက် အတူလက်တွဲ ချီတက်ကြပါစို့ဟု အလေးအနက် တိုက်တွန်းလျက် သဝဏ်လွှာပေးပို့အပ်ပါသည်။

ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ
သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်
နိုင်ငံတော်ဝန်ကြီးချုပ်
ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ရခိုင်ပြည်နယ် စစ်တွေ၊ ကျောက်ဖြူနှင့် အမ်းမြို့များရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ထမ်းများနှင့် တွေ့ဆုံ

**နေပြည်တော် မတ် ၁**

ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် ရခိုင်ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးစံရွှေမောင်နှင့်အတူ ဖေဖော်ဝါရီ ၂၆ ရက်တွင် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့၊ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ မြန်မာ့အာမခံလုပ်ငန်း၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနနှင့် ပင်စင်ဦးစီးဌာနတို့မှ ဝန်ထမ်းများကို တွေ့ဆုံသည်။ **(ယာပုံ)**

ထို့ပြင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်အတူ ဖေဖော်ဝါရီ ၂၈ ရက်တွင် ကျောက်ဖြူမြို့ရှိ မြန်မာ့စီးပွားရေးဘဏ် (ခရိုင်ဘဏ်ခွဲ)၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (ခရိုင်ဘဏ်ခွဲ)နှင့် အကောက်ခွန်ဦးစီးဌာနရုံးများသို့လည်းကောင်း၊ ယနေ့တွင် အမ်းမြို့ရှိ မြန်မာ့စီးပွားရေးဘဏ် (မြို့နယ်ဘဏ်ခွဲ)၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (မြို့နယ်ဘဏ်ခွဲ)၊ ပြည်တွင်းအခွန်များဦးစီးဌာနနှင့် စီမံကိန်းရုံးများသို့လည်းကောင်း သွားရောက်စစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံစဉ် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများအနေဖြင့် နှစ်အလိုက် စီမံကိန်းများကို လျာထားချက်အလိုက် အောင်မြင်စွာအကောင်အထည်ဖော်ရေး၊ အရည်အသွေးပြည့်မီသောချေးငွေများကို ထုတ်ချေးနိုင်ရေးနှင့် Non–Preforming Loans (NPL) ကျဆင်းရေးအတွက် စီမံချက်များရေးဆွဲပြီး ထိရောက်စွာဆောင်ရွက်နိုင်ရေး၊ သတ်မှတ်ဘဏ္ဍာနှစ်အတွင်း အခွန်လျာထားချက်ပြည့်မီအောင် ကောက်ခံနိုင်ရေးနှင့် ပြည်သူများအား အခွန်ဆိုင်ရာဗဟုသုတများ နားလည်မှုရှိစေရေးအတွက် အသိပညာပေးဆောင်ရွက်ရေး၊ MSME လုပ်ငန်းများအား ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဝန်ထမ်းများအနေဖြင့် MSME လုပ်ငန်းရှင်များကို ဝိုင်းဝန်းပံ့ပိုးဆောင်ရွက်ပေးနိုင်ရေးနှင့် ဝန်ထမ်းများအနေဖြင့် စည်းလုံးညီညွတ်စွာဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို ကြိုးပမ်းဆောင်ရွက်ရေးတို့အား မှာကြားခဲ့ပြီး ဝန်ထမ်းများ၏ တင်ပြချက်များအား ဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

## အုတ်တွင်းမြို့အ.ထ.ကကျောင်း၌ ပညာသင်ယူနိုင်မည့် အခွင့်အလမ်းများ အသိပညာပေး

အုတ်တွင်း မတ် ၁

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်၌ အလယ်တန်းဆင့်Grade–9 ပြီးမြောက်အောင်မြင်သောကျောင်းသား ကျောင်းသူများ ပညာသင်ယူနိုင်မည့် အခွင့်အလမ်းများနှင့်စပ်လျဉ်း၍ အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက အုတ်တွင်းအ.ထ.ကကျောင်း ပညာသီရိခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် Grade–9 ကျောင်းသား ကျောင်းသူများအား အလယ်တန်းပြဆရာမ ဒေါ်ငွေငွေရီ၊ ဒေါ်မြင့်မြင့်အေးနှင့် ဒေါ်စန်းစန်းမြင့်တို့က စက်မှုပညာရပ်၊ စိုက်ပျိုးရေးပညာရပ်နှင့် မွေးမြူရေးပညာရပ်များကို ရှင်းလင်းပြောကြားပြီး ကျောင်းသား ကျောင်းသူများက သိလိုသည်များ မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**အေမင်းရည်စောဝ(ပြန်/ဆက်)**

# အငြှမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဥ္စမအစည်းအဝေး ဒုတိယနေ့ ကျင်းပ




**ရန်ကုန် မတ် ၁**

အငြှမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဥ္စမအစည်းအဝေး ဒုတိယနေ့ကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဆင္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူတော်ကြီးတွင် ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် (စီမံ)နှင့် အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီး/ပြည်နယ် သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေး၏ သဘာပတိဆရာတော်အဖြစ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကေသရာဘိဝံသက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူး ဆရာတော်အဖြစ် တွဲဖက်အကျိုးတော်ဆောင်၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီဟနာဒက ဆောင်ရွက်တော်မူသည်။

ဦးစွာ အခမ်းအနားမှူး ဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေး အထမြောက် အောင်မြင်ကြောင်း ကြေညာသည်။ ထို့နောက် အစားထိုး ရွေးချယ်ထားသည့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော်၏ ဘွဲ့အမည်စာရင်းကို ဥက္ကဋ္ဌ ဆရာတော်ကြီးကိုယ်စား အခမ်းအနားမှူးဆရာတော်က ဖတ်ကြားတင်သွင်း၍ အတည်ပြုချက်ရယူသည်။

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တစန္ဒနသာရ၏ အကြံပြုတင်ပြလျှောက်ထားခြင်းနှင့် ပတ်သက်၍ ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ဆက်လက်၍ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များက တင်ပြလာသော အကြံညာဏ်များကိုတွဲဖက်အကျိုးတော်ဆောင် ဆရာတော်များ ဖြစ်ကြသည့် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တစန္ဒဝံသာ လင်္ကာရာဘိဝံသနှင့် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇောတိသာရတို့က ရှင်းလင်းပြန်ကြားလျှောက်ထားပြီး နံနက်ပိုင်းအစည်းအဝေးကို ရပ်နားသည်။

မွန်းလွဲ ၁ နာရီတွင် အစည်းအဝေးကို ပြန်လည်စတင်ပြီး နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့၏ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော အစီရင်ခံစာနှင့် ပတ်သက်၍ ဝိနိစ္ဆယရေးရာကဏ္ဍတွင် မန္တလေးတိုင်းဒေသကြီး ကိုယ်စားလှယ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတ၊ စစ်ကိုင်းတိုင်းဒေသကြီး ကိုယ်စားလှယ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဝေပုလ္လစာရ၊ ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားလှယ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသောဘိတတို့ကလည်းကောင်း၊ သာသနာရေးရာကဏ္ဍတွင် ပဲခူးတိုင်းဒေသကြီး ကိုယ်စားလှယ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိစ္စ၊ မွန်ပြည်နယ် ကိုယ်စားလှယ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တနန္ဒဝံသ၊ ဧရာဝတီတိုင်းဒေသကြီး ကိုယ်စားလှယ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာသီဟတို့ကလည်းကောင်း၊ ပညာရေးရာကဏ္ဍတွင် ရွှေကျင်ဂိုဏ်း ကိုယ်စားလှယ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဉာဏိဿရ၊ မဟာဒွါရဂိုဏ်း ကိုယ်စားလှယ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် ဘဒ္ဒန္တမေတ္တာနန္ဒ၊ ဝေဠုဝန်ဂိုဏ်း ကိုယ်စားလှယ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိဇယတို့က လည်းကောင်း ဆွေးနွေးတော်မူကြသည်။

ယင်းတစ်နှစ်တာ ကာလအတွင်း ဆောင်ရွက်ခဲ့သော အစီရင်ခံစာအပေါ် ဝေဖန်ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ တွဲဖက်အကျိုးတော်ဆောင် ဆရာတော်၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တစန္ဒဝံသာလင်္ကာရာ ဘိဝံသက ပြန်လည်ရှင်းလင်း လျှောက်ထား၍ အတည်ပြုချက်ရယူပြီး မွန်းလွဲပိုင်း ဒုတိယနေ့ အစည်းအဝေးကို ရပ်နားသည်။

ယနေ့ အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်များအား တစ်နေ့တာ ဆွမ်းအလှူရှင်အဖြစ် မိခင်ကြီး ဒေါ်တင်ဝင်းရီကို အမှူးထား၍ (ဦးမောင်မောင်ဆွေတင်) ဇနီး သီဟသုဓမ္မသိင်္ဂီ ဒေါက်တာ မြသီတာဆွေတင်၊ သမီး အမရာဆွေတင်၊ ဦးထက်မြက်ဦး ဇနီး ဒေါ်အိန္ဒြေမဒီ ဆွေတင်၊ သား မောင်လင်းမောင်မောင်ဆွေတင်နှင့် မောင်လင်းညီညီဆွေတင် မိသားစုနှင့် ဦးဌေးနိုင် ဇနီး သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်ရီ မိသားစုတို့က ဆက်ကပ်လှူဒါန်းကြသည်။

**သတင်းစဉ်**

# ဌာနတွင်းဝန်ထမ်းများ၏ အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်မှု မြှင့်တင်ရေးသင်တန်းဖွင့်ပွဲကျင်းပ





**နေပြည်တော် မတ် ၁**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန အမျိုးသားစာကြည့်တိုက် (နေပြည်တော်) တွင် မတ်လဆန်းမှ စတင်၍ ရက်သတ္တပတ် ခြောက်ပတ်ကြာ ဖွင့်လှစ်မည့် "ဌာနတွင်းဝန်ထမ်းများ၏ အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှုမြှင့်တင်ရေးသင်တန်း (Staff Capacity Building on English Proficiency Pilot Course)"ဖွင့်ပွဲကိုယနေ့ နံနက် ၉ နာရီခွဲတွင် ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ဒုတိယဝန်ကြီး ဦးအေးထွန်း၊ အမြဲတမ်းအတွင်းဝန် ဦးမြင့်ဦးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဖိတ်ကြားထားသည့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးများ၊ သင်တန်းပို့ချမည့် ဆရာဆရာမများ၊ သင်တန်းသား သင်တန်းသူများနှင့် အရာထမ်း၊ အမှုထမ်းများ ပါဝင်တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံသည် ကမ္ဘာ့လူမှု – ယဉ်ကျေးမှုမျက်နှာစာမှာ အရေးပါသော အခန်းကဏ္ဍမှပါဝင်နေသည့် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် နိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို တွန်းအားပေးနိုင်ရန် အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်သော ဝန်ထမ်းအင်အားရှိရန် အရေးကြီးသကဲ့သို့ ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်ဖြစ်သည့်အတွက် နိုင်ငံ့ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားရန်လည်း အလွန်အရေးကြီးပါကြောင်း၊ ဘာသာပြန်၍ ပြန်ပြောင်းပြောဆိုခြင်း၊ ပညာရပ်ပိုင်းဆိုင်ရာ အရေးစွမ်းရည်၊ မှတ်စုမှတ်သားခြင်း စသည့်ကဏ္ဍများမှာ ဘက်စုံကျွမ်းကျင်ထူးချွန်ပြီး အနာဂတ်လမ်းကြောင်းကို မောင်းနှင်နိုင်မည့် အရည်အသွေးပြည့်ဝသော နိုင်ငံ့ဝန်ထမ်းများ မွေးထုတ်ပေးနိုင်ရေးအတွက် ဤသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ပါကြောင်း၊ အင်္ဂလိပ်ဘာသာစကားမှာ နိုင်ငံများအကြား ကွာဟချက်ကို ပေါင်းကူးပေးနိုင်ပြီး နိုင်ငံတကာနှင့်ထိတွေ့မှု အခွင့်အလမ်းပေးနိုင်၍ လူတစ်ဦးချင်းစီအတွက် နိုင်ငံတကာ မျက်နှာစာသို့ ရောက်ရှိနိုင်စေရန် ကူညီပေးနိုင်မည် ဖြစ်ပါကြောင်း၊ ထိုသို့ စွမ်းဆောင်ရည်မြင့်မားတိုးတက်ပြီး နိုင်ငံ့အကျိုးသယ်ပိုးနိုင်သည့် ဝန်ထမ်းကောင်းများ ထွက်ပေါ်လာစေနိုင်ရန် ရည်ရွယ်ပြီး ဖွင့်လှစ်ပေးသည့် သင်တန်းမှာ သင်တန်းသား သင်တန်းသူများကလည်း စိတ်ဝင်စားမှုအပြည့်နှင့် မိမိနိုင်ငံ၊ မိမိဝန်ကြီးဌာန၊ မိမိဦးစီးဌာနတို့အတွက် ကြိုးစားသင်ယူကြရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**သတင်းစဉ်**

# လူထုအခြေပြုဗဟိုဌာန(ပျဉ်းမနား)၌ အင်္ဂလိပ်စာ သင်တန်းဖွင့်

**ပျဉ်းမနား မတ် ၁**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပျဉ်းမနားမြို့နယ်ရုံး လူထုအခြေပြုဗဟိုဌာန၌ နွေရာသီကျောင်းပိတ်ကာလအတွင်း ကျောင်းသား ကျောင်းသူလူငယ်များအတွက် အကျိုးရှိစေမည့် ကာယ၊ ဉာဏဆိုင်ရာ သင်တန်းများဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိရာ အလယ်တန်းအဆင့် အင်္ဂလိပ်စာ Grammar သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ကျင်းပသည်။

အဆိုပါသင်တန်းတွင် နေပြည်တော် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က လူထုအခြေပြုဗဟိုဌာနတွင် ကျောင်းသား ကျောင်းသူလူငယ်များအနေဖြင့် ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ ဆိုသည့် ဗလငါးတန်ပြည့်စုံပြီး အသိပညာဗဟုသုတတိုးပွားစေရန် လူငယ်များအတွက် အကျိုးရှိစေမည့် သင်တန်းများ၊ ဟောပြောဆွေးနွေးပွဲများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုသင်တန်းသည်လည်း နွေရာသီကျောင်းပိတ်ကာလတွင် ကျောင်းသား ကျောင်းသူလူငယ်များ အင်္ဂလိပ်စာအခြေခံ ပိုမိုတိုးတက်ကောင်းမွန်လာစေရေးအတွက် ရည်ရွယ်၍ ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ပြောကြားပြီး လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်နန်းမေစုအောင်က သင်တန်းစည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

အဆိုပါ အလယ်တန်းအဆင့် အင်္ဂလိပ်စာ Grammar သင်တန်းကို မတ် ၁ ရက်မှ ၃၁ ရက်အထိ အပတ်စဉ် (ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ)နေ့တိုင်း နံနက် ၉ နာရီမှ ၁၁ နာရီအထိ သင်တန်းသား ၃၀ ဖြင့် ၁၅ ရက်ကြာ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ပြီး သင်တန်းနည်းပြအဖြစ် အခြေခံပညာဦးစီးဌာန အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ အင်္ဂလိပ်စာဆရာမ ဒေါ်ညိုမီလှိုင်က သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးသီဟ(ပြန်/ဆက်)**

# လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးခေါင်းစဉ်ဖြင့် (၁၉) ကြိမ်မြောက် ဗုဒ္ဓဟူးနေ့စကားဝိုင်း ကျင်းပ

**နေပြည်တော် မတ် ၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနသည် နိုင်ငံ၏ စီးပွားရေးမဏ္ဍိုင်ဖြစ်သည့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးသာမက အမျိုးသားလုံခြုံရေးအတွက် အလွန်အရေးပါသော စားနပ်ရိက္ခာ စိုက်ပျိုး မွေးမြူထုတ်လုပ်မှုကို တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်သည်ကို သတိချပ်ပြီး ပညာရပ်အလိုက် အရည်အသွေးပြည့်ဝသော လူသားအရင်းအမြစ်များ တိုးပွားလာရေး ကြိုးပမ်းကြရန်လိုကြောင်း၊ ယနေ့ မွန်းလွဲပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး စုဝေးဆောင်ခန်းမ၌ **"လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး"** ခေါင်းစဉ်ဖြင့် ကျင်းပသည့် (၁၉) ကြိမ်မြောက် ဗုဒ္ဓဟူးနေ့ စကားဝိုင်းဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မိမိတို့အနေဖြင့် လယ်ယာကဏ္ဍကို တာဝန်ယူထားကြသူများဖြစ်သည့်အားလျော်စွာ နယ်ပယ်ပေါင်းစုံနှင့် ထိတွေ့ဆောင်ရွက်ရသည်ဖြစ်၍ အသိပညာ၊ အတတ်ပညာ၊ နည်းပညာများ တတ်မြောက်ကျွမ်းကျင်သော လူသားအရင်းအမြစ်များအဖြစ်သာမကပဲ စိတ်ဓာတ်၊ အရည်အချင်း၊ အရည်အသွေး၊ အတွေ့အကြုံ၊ ခံယူချက်၊ ကျင့်ဝတ်၊ ဗီဇကောင်းများ မြင့်မားရန်လိုကြောင်း၊ တစ်ချိန်တည်းတွင် တောင်သူလယ်သမားများအပါအဝင် စိုက်ပျိုးထုတ်လုပ်မှု ကွင်းဆက်တစ်လျှောက်၌ ခေတ်မီနည်းပညာအသုံးချနိုင်မှုနှင့် အတွေးအခေါ်များ ပြောင်းလဲတိုးတက်ဖွံ့ဖြိုးလာရေး ကြိုးပမ်းသွားရန်လိုကြောင်း၊ သို့မှသာ လယ်ယာကဏ္ဍတစ်ခုလုံး ဟန်ချက်ညီ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။ **(အပေါ်ပုံ)**



ထို့နောက် **"လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး"** ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကို ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခ ဒေါက်တာမင်းဇာနည်အောင်က အစီအစဉ်မှူးအဖြစ် တာဝန်ယူဆောင်ရွက်ပြီး စီမံကိန်းဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ မွေးမြူရေးသုတေသနဦးစီးဌာန၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်တို့မှ ပညာရှင်များက ဝန်ကြီးဌာန၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်နေမှု၊ လူ့စွမ်းအားအရင်းအမြစ်များ အလွယ်တကူ မပြုန်းတီးစေရေးနှင့် အရည်အသွေး ပိုမိုပြည့်ဝလာစေရေးအတွက် သက်ဆိုင်ရာဌာနအသီးသီးနှင့် ချိတ်ဆက်စီမံဆောင်ရွက်ပေးနေမှု၊ တက္ကသိုလ်များတွင် လိုအပ်နေသည့် HR plan အရ လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးမှုနှင့် Formal-informal ပညာရေး၏ အခန်းကဏ္ဍ၊ တက္ကသိုလ်များမှ မွေးထုတ်ပေးလိုက်သည့် Graduate များအား ပြင်ပလုပ်ငန်းများ၏ လိုအပ်ချက်များနှင့်အညီ ချိတ်ဆက်မှု၊ ပညာရေးဝန်ထမ်းများ၏ အရည်အသွေးမြှင့်တင်ရေးဆိုင်ရာ စီမံထားရှိမှု၊ နိုင်ငံ၏ အခြေအနေအရ Generalist နှင့် Specialist များ၏ လိုအပ်နေမှု၊ တက္ကသိုလ်များ၏ နိုင်ငံတကာနှင့် ချိတ်ဆက်ဆောင်ရွက်နေမှု၊ တက္ကသိုလ်၏ အဆင့်အတန်းနှင့် ပညာရပ်ဆိုင်ရာ စာစောင်နှင့် စာတမ်းများ ထွက်ရှိမှု၊ လုပ်ငန်းခွင်ဆိုင်ရာ တွေ့ကြုံနေရသည့် ပြဿနာများကို ဖြေရှင်းရာတွင် သုတေသနလုပ်ငန်းများ၏ အရေးပါမှု၊ Academic နှင့် Apply research များ၏ အနေအထားနှင့် ဆောင်ရွက်နေမှု၊ ငါးမျိုးသယံဇာတများ ပြုန်းတီးမှုမရှိစေရေးအတွက် အစီအမံများနှင့် Human resource အခြေအနေ၊ လူ့စွမ်းအားအရင်းအမြစ်များကို ထိရောက်စွာအသုံးချမှုအတွက် စီမံခန့်ခွဲဆောင်ရွက်မှုများ၊ တိုးချဲ့ပညာပေးရေးဆိုင်ရာ အရည်အချင်းများ တိုးတက်လာစေရေးအတွက် တိုးချဲ့ပညာပေးဝန်ထမ်းများအား လေ့ကျင့်ပေးနေမှုနှင့် တိုးချဲ့ပညာပေးဝန်ထမ်းများ လုံလောက်မှုမရှိခြင်းအတွက် ဖြည့်ဆည်းနိုင်ရေး စီမံဆောင်ရွက်မှုများနှင့် ပတ်သက်၍ ဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် အခမ်းအနား တက်ရောက်လာကြသူများ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ အွန်လိုင်းစနစ်ဖြင့် ပါဝင်တက်ရောက်ကြသည့် ဌာနဆိုင်ရာများ၊ ပြင်ပ ပညာရှင်များက မေးမြန်းဆွေးနွေးခြင်း၊ အကြံပြုသုံးသပ်ခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# စားသုံးသူကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စားသုံးသူတိုင်ကြားမှုနှင့် အရေးယူမှုဆိုင်ရာလုပ်ငန်းစဉ်များ ထုတ်ပြန်ထားရှိပြီဖြစ်

နေပြည်တော် မတ် ၁

**မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးကော်မရှင် အစည်းအဝေး (၁/ ၂၀၂၃)ကို ယနေ့ မွန်းလွဲ ၂ နာရီက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ - ၁ ၌ ကျင်းပသည်။**

ဦးစွာ မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးကော်မရှင် ဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက စားသုံးသူကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စားသုံးသူတိုင်ကြားမှုနှင့် အရေးယူမှုဆိုင်ရာလုပ်ငန်းစဉ်၊ ဈေးကွက်စောင့်ကြည့်စစ်ဆေးရေးလုပ်ငန်းစဉ်နှင့် ဘေးအန္တရာယ်ရှိသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများကို ဈေးကွက်အတွင်းမှ ပြန်လည်သိမ်းဆည်းစေခြင်းနှင့် တားမြစ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို ထုတ်ပြန်ထားရှိပြီဖြစ်ကြောင်း။

သို့သော် စားသုံးသူများတွင် စားသုံးသူကာကွယ်ရေးဥပဒေနှင့် ဥပဒေပါ စားသုံးသူအခွင့်အရေးများကို ကောင်းစွာသိရှိသူ အလွန်နည်းပါးနေသေးသည်ကို တွေ့ရှိရပါကြောင်း၊ အထူးသဖြင့် စားသုံးသူများသည် မိမိ၏နစ်နာဆုံးရှုံးမှုအတွက် ရှင်းလင်းတင်ပြခွင့်၊ တိုင်ကြားခွင့်နှင့် ကုစားခွင့်များကို ဥပဒေကစားသုံးသူအခွင့်အရေးများအဖြစ် ပေးအပ်ထားမှုအပေါ် သိရှိသူ အလွန်နည်းပါးပါကြောင်း၊ စားသုံးသူတွင် ဥပဒေအရပေးအပ်သော အခွင့်အရေးများရှိသကဲ့သို့ တစ်ဖက်တွင်လည်း ဥပဒေအရ လိုက်နာရမည့် တာဝန်များလည်း ရှိပါကြောင်း၊ ယင်းနှင့်စပ်လျဉ်း၍ အသိပညာပေးလုပ်ငန်းများကို မဖြစ်မနေ ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဖွဲ့စည်းထားသော စားသုံးသူရေးရာကော်မတီများကိုလည်း ဥပဒေအရ လုပ်ပိုင်ခွင့်များ အပ်နှင်းထားပြီးဖြစ်ရာ ကော်မတီများအနေဖြင့် စားသုံးသူအသိပညာပေးလုပ်ငန်းအပါအဝင် မိမိ၏ လုပ်ပိုင်ခွင့်အရ ထိထိရောက်ရောက် ဆောင်ရွက်စေလိုကြောင်း၊ လိုအပ်သည်များကိုလည်း ကော်မရှင်နှင့်ဆက်သွယ်၍ ဆောင်ရွက်စေလိုပါကြောင်း၊ စားသုံးသူအသိပညာပေးဆောင်ရွက်ရာတွင်လည်း လူလတ်ပိုင်းနှင့် လူငယ်ပိုင်းများကို အဓိကထား၍ ဆောင်ရွက်ရန် လိုအပ်လာသည်ကို တွေ့ရှိရကြောင်း ဆွေးနွေးပြောကြားသည်။



ဆက်လက်၍ ကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ၂၀၂၃ ခုနှစ် မတ် ၁၅ ရက်တွင် ကျရောက်မည့် ကမ္ဘာ့စားသုံးသူအခွင့်အရေးနေ့ကို "စားသုံးသူကဏ္ဍမြှင့်တင်ဖို့ သန့်ရှင်းစွမ်းအင်ကူးပြောင်းစို့" ဟူသည့် ဆောင်ပုဒ်နှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ စားသုံးသူပြည်သူများ စိတ်ပါဝင်စားနိုင်သော အစီအစဉ်များကို ဆန်းသစ်တီထွင်၍ ကျယ်ပြန့်စွာဆောင်ရွက်သွားနိုင်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ယခင် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ အဆုံးအဖြတ်ပေးရမည့် လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ကော်မရှင်အတွင်းရေးမှူး စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ချိုက ရှင်းလင်းတင်ပြပြီး တင်ပြချက်များအပေါ် ကော်မရှင်ဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များနှင့် တက်ရောက်လာကြသူများက ပြန်လည်ဆွေးနွေးကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

အဆိုပါ အစည်းအဝေးသို့ မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်စားသုံးသူရေးရာ ကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အက်တမ်၏ တို့တို့ဆိုက်ကား 3D ဂိမ်း Mega Draw ကားနှင့် ငွေသား၊ အထူးဆုကံထူးရှင်များ ရွေးချယ်ပွဲကျင်းပ




**နေပြည်တော် မတ် ၁**

Atom ၏ တို့တို့ဆိုက်ကား 3D ဂိမ်း Mega Draw အနိုင်ရရှိသည့်ကားနှင့် ငွေသား၊ အထူးဆုကံထူးရှင်များရွေးချယ်ပွဲအခမ်းအနားကို ရန်ကုန်မြို့ Sule square ရှိ အက်တမ်ရုံးချုပ်၌ ဖေဖော်ဝါရီ ၂၄ ရက်က ကျင်းပရာ ကားကံထူးရှင် တစ်ဦး၊ ငွေသား ကျပ်သိန်း ၂၀၀ ကံထူးရှင်တစ်ဦးနှင့် ငွေကျပ် သိန်း ၁၀၀ ဆုများ ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကံထူးရှင် ဆုပေးပွဲတွင် အထူးဆုဖြစ်သည့် BAIC Senova D ကားအသစ်တစ်စီးကို ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင် တိုင်မြို့နယ်မှ ဒေါ်ယမင်းမြတ်က ကံထူးသွားပြီး ငွေသား ငွေကျပ်သိန်း ၂၀၀ ဆုကို တာမွေမြို့နယ်မှ ကိုဇော်ထွဋ်က ရရှိခဲ့သည်။ ငွေကျပ် သိန်း ၁၀၀ဆုများကိုလည်း ကံထူးရှင်အသီးသီးကို အက်တမ်၏ လုပ်ငန်းလည်ပတ်မှုဆိုင်ရာ အမှုဆောင်အရာရှိချုပ် Ahmad Abdallah နှင့်တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။

အက်တမ် (ATOM) စတိုးအက်ပ်တွင် ကစားနိုင်သည့် တို့တို့ဆိုက်ကား 3D ဂိမ်းကို ၂၀၂၂ ခုနှစ် စက်တင်ဘာ ၈ ရက်မှ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၅ ရက်အထိ လေးလတာ ကာလအတွင်း အက်တမ် (ATOM) အသုံးပြုသူများမှ အကြိမ်အရေအတွက်ပေါင်း ၁၀၇ သန်းကျော်အထိ ပါဝင်ကစားခဲ့ကြသည်။

ဂိမ်းကစားသူများသည် ဒေတာလက်ဆောင်များ၊ ဖုန်းခေါ်ဆိုခြင်းနှင့် စာတိုပေးပို့ခြင်း အစရှိသည့် ဆုလက်ဆောင်များကို ချက်ချင်းရရှိနိုင်ခဲ့သည့်အပြင် နှစ်ပတ်တစ်ကြိမ် ဆုများဆွတ်ခူးနိုင်ခြင်းနှင့် Mega Draw ကမ်ပိန်းတွင်လည်း ပါဝင်ကံစမ်းခွင့် ရရှိခဲ့ကြသည်။

နှစ်ပတ်တစ်ကြိမ် အက်တမ် (ATOM) က ချီးမြှင့်ခဲ့သည့် ရာသီအလိုက် ဆုလက်ဆောင်များတွင် iPhone 13 Pro ဖုန်း အလုံး ၄၀၊ Samsung Galaxy S22 ဖုန်းအလုံး ၈၀၊ iPad Air 5 အခု ၈၀၊ Samsung Galaxy A23 ဖုန်း အလုံး ၂၄၀ နှင့် Oppo A16 ဖုန်းအလုံး ၃၆၀ အပါအဝင် ဆုအမျိုးအစားပေါင်း ၈၀၀ မဲဖောက်ပေးခဲ့ကြောင်း သိရသည်။

**ဟိန်းထက်ဇော် (မြန်မာ့အလင်း)**

# "မြန်မာနိုင်ငံတွင် ဆိုလာစွမ်းအင်ဖွံ့ဖြိုးမှုအတွက် စွမ်းဆောင်ရည်အရှိန်မြှင့်တင်ရန် မြန်မာနိုင်ငံ အမျိုးသားအဆင့် ဆိုလာ Photovoltaic အသုံးချမှုတိုးမြှင့်ရေးနှင့် လေ့ကျင့်ရေးစင်တာ တည်ထောင်ခြင်း" စီမံကိန်း ယနေ့စတင်ဖွင့်လှစ်

**နေပြည်တော် မတ် ၁**
သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန သုတေသနနှင့် တီထွင်ဆန်းသစ်မှု ဦးစီးဌာနမှ ကြီးမှူး၍ မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး အထူးရန်ပုံငွေ ၂၀၂၂ ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် "Establishment Myanmar National – Level Solar PV Application Promotion and Training Center to Accelerate the capacity building of Development of Solar Energy in Myanmar" စီမံကိန်း၏ လုပ်ငန်းစဉ်တစ်ခုဖြစ်သော "Launching Ceremony နှင့် Solar Photovoltaic အသုံးပြုခြင်းဆိုင်ရာ နှီးနှောဖလှယ်ပွဲ" အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ Minister Counselor Dr.Zheng Zhigong နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းဇေယျာထွန်း တို့က အမှာစကား ပြောကြားကြသည်။

ပြည်ထောင်စုဝန်ကြီးက ၂၀၂၂ ခုနှစ်တွင် သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနအား မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ စီမံကိန်းသုံးခုကို အကောင်အထည်ဖော် ဆောင်ရွက်ခွင့်ရခဲ့ပါကြောင်း၊ အဆိုပါ ရရှိခဲ့သော စီမံကိန်းများမှ တစ်ခုဖြစ်သော "မြန်မာနိုင်ငံတွင် ဆိုလာစွမ်းအင် ဖွံ့ဖြိုးမှုအတွက် စွမ်းဆောင်ရည် အရှိန်မြှင့်တင်ရန် မြန်မာနိုင်ငံ အမျိုးသားအဆင့် ဆိုလာ Photovoltaic အသုံးချမှု တိုးမြှင့်ရေးနှင့် လေ့ကျင့်ရေး စင်တာ တည်ထောင်ခြင်း" စီမံကိန်းကို ယနေ့စတင်ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း၊ အဆိုပါ စီမံကိန်းသည် မြန်မာနိုင်ငံတွင် ဆိုလာလျှပ်စစ်ဓာတ်အားဆိုင်ရာ အသုံးချအစီအစဉ်များ ဖွံ့ဖြိုးတိုးတက်လာစေရန် အရှိန်အဟုန်ဖြင့် ကြီးမားသော အခန်းကဏ္ဍမှ ပါဝင်မည်ဖြစ်ကာ မြန်မာနိုင်ငံရှိ နေရောင်ခြည်စွမ်းအင်သုံး Photovoltaic အသုံးချမှုသမိုင်းတွင် အမှတ်အသားတစ်ခုအဖြစ် ကျန်ရစ်စေမည် ဖြစ်ပါကြောင်း၊ ဤအခမ်းအနား ကျင်းပရခြင်း၏ ရည်ရွယ်ချက်များမှာ နိုင်ငံတကာ နေရောင်ခြည်စွမ်းအင်သုံး ဆိုလာလျှပ်စစ်ဓာတ်အား ဖြန့်ကြက်စနစ်နှင့်စပ်လျဉ်းသည့် အချက်အလက်များ ရရှိစေရန်နှင့် မြန်မာနိုင်ငံရှိ နေရောင်ခြည်စွမ်းအင်သုံး Photovoltaic နည်းပညာနှင့် အသုံးချမှုဆိုင်ရာ အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများကို ဆွေးနွေးရန်တို့ဖြစ်ပါကြောင်း၊ ဤစီမံကိန်းကို အကောင်အထည်ဖော်ပြီးနောက် ခေတ်နှင့်အညီ နိုင်ငံတကာ ပြန်ပြည့်မြဲစွမ်းအင် နည်းပညာများ ဖွံ့ဖြိုးတိုးတက်မှုအပေါ် အခြေခံ၍ မြန်မာနိုင်ငံတွင် ပြည်တွင်းနည်းပညာစွမ်းရည်များကို ပိုမိုထိရောက်စွာ လေ့ကျင့်သင်ကြားပေးနိုင်ပြီး လေ့ကျင့်မှုအသစ်များ အဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်ပါကြောင်း၊ ထို့အပြင် ၎င်းစီမံကိန်းသည် လန်ချန်း – မဲခေါင်မြစ်ဝှမ်းရှိ သက်ဆိုင်ရာ နိုင်ငံများအား နိုင်ငံတကာ စွမ်းရည်ဖလှယ်မှုနှင့် သင်ယူမှုများကို ပံ့ပိုးပေးရန်အတွက် ထိရောက်သော ပလက်ဖောင်းတစ်ခုဖြစ်လာမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍"Solar Photovoltaic အသုံးပြုခြင်းဆိုင်ရာ နှီးနှောဖလှယ်ပွဲ" တွင် သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ Inner Mongolia University of Technology မှ Professors များ၊ ဆက်စပ်ဝန်ကြီးဌာနများမှ ဘာသာရပ်ဆိုင်ရာ ပညာရှင်များက Solar Photovoltaic ဆိုင်ရာ နည်းပညာရပ်များကို ဆွေးနွေးပြောကြားကြောင်း သိရသည်။ **သတင်းစဉ်**



# စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှစ်ဆင့်ချေးငွေစီမံကိန်း တောင်သူတစ်ဦးချင်း ကျပ်သိန်း ၇၀၀ အထိ ထုတ်ချေးပေးလျက်ရှိ

**နေပြည်တော် မတ် ၁**
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး နှစ်ဆင့်ချေးငွေစီမံကိန်း၊ စီမံကိန်း ဦးဆောင်ကော်မတီ၏ (၂၅) ကြိမ်မြောက် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ စီမံကိန်းဦးဆောင်ကော်မတီဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး နှစ်ဆင့်ချေးငွေစီမံကိန်းကို ၂၀၁၇ ခုနှစ် ဇူလိုင်လမှစတင်၍ အတိုးနှုန်းသက်သာသည့် ချေးငွေအဖြစ် တောင်သူတစ်ဦးချင်းသို့ ငွေကျပ်သိန်း ၇၀၀ အထိ နှစ်တိုသုံးနှစ်၊ နှစ်ရှည် ငါးနှစ် အရစ်ကျပြန်ဆပ်စနစ်ဖြင့် ထုတ်ချေးပေးလျက်ရှိကြောင်း၊ ၂၀၂၂ ခုနှစ် နိုဝင်ဘာလကုန်အထိနေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ် ၁၄ ခုရှိ မြို့နယ် ၁၈၇ ခုမှ တောင်သူ ၅၆၀၉ ဦးသို့ ချေးငွေကျပ် ၂၃၂၀၄၅ ဒသမ ၈၁၈ သန်း ထုတ်ချေးထားပြီး ဖြစ်ကြောင်း၊ ဆက်လက်၍ ချေးငွေရယူလိုသည့် တောင်သူများက တင်ပြလာမှုများကို စိစစ်၍ စဉ်ဆက်မပြတ် ထုတ်ချေးပေးလျက်ရှိကြောင်း၊ ချေးငွေအစီစဉ်ကောင်းမွန်စွာ လည်ပတ်နိုင်ခြင်းဖြင့် တောင်သူများ၏ ဝင်ငွေတိုးတက်လာစေပြီး လယ်ယာကဏ္ဍဖွံ့ဖြိုးရေးကို အထောက်အကူပြုမည်ဖြစ်ကြောင်း။

မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်ရုံးချုပ်နှင့် ဘဏ်ခွဲအဆင့်ဆင့် အနေဖြင့် တာဝန်ခံမှု၊ တာဝန်ယူမှုဖြင့် Evaluation & Monitoring ကို စဉ်ဆက်မပြတ်ပြုလုပ်ပြီး စီမံကိန်း အောင်မြင်ရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များ၊ ဆက်စပ်ဌာနများနှင့် အမြဲမပြတ် ညှိနှိုင်းဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ချေးငွေအစီအစဉ်တွင် လယ်ယာသုံး စက်ကိရိယာများ ပါဝင်ရောင်းချသည့် ကုမ္ပဏီများအနေဖြင့်လည်း လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ အတ္တပရ မျှတစွာဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းသူနှင့် တာဝန်ရှိသူများက Two Step Loan ချေးငွေထုတ်ချေးထားမှုနှင့် ဆက်လက် ထုတ်ချေးမည့် အစီအစဉ်များကို တင်ပြဆွေးနွေးကြရာ ဦးဆောင်ကော်မတီဝင်များက ဝိုင်းဝန်းသုံးသပ်ဆွေးနွေး အကြံပြုသည်။

အစည်းအဝေးသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့မှ ဦးဆောင်ကော်မတီ အဖွဲ့ဝင်များ စုံညီစွာတက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တောင်တွင်းကြီး - အောင်လံကားလမ်းမကြီးနှင့် ဆက်သွယ်ဖောက်လုပ်ထားသော ပြည့်ညင်ကျေးရွာချင်းဆက်လမ်း ထပ်ပိုးပြုပြင်ဆောင်ရွက်

**တောင်တွင်းကြီး မတ် ၁**
မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်အတွင်း တောင်တွင်းကြီး–အောင်လံ ကားလမ်းမကြီးနှင့် ဆက်သွယ်ဖောက်လုပ်ထားသော ပြည့်ညင်ကျေးရွာ ကျေးရွာချင်းဆက်လမ်းအား မြေနီဖြင့် ထပ်ပိုးပြုပြင်ခြင်းကို ယမန်နေ့က တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန နေပြည်တော်(ရုံးချုပ်)မှ အင်ဂျင်နီယာချုပ် ဦးထွန်းဝေ၊ မကွေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးသင်းမင်းလတ်၊ မကွေးခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးမင်းထွန်းနှင့် တာဝန်ရှိများ တောင်တွင်းကြီးမြို့နယ်အတွင်းရှိ တောင်တွင်းကြီး–အောင်လံ ကားလမ်းမကြီးနှင့် ဆက်သွယ်ဖောက်လုပ်ထားသော ပြည့်ညင်လမ်း ကျေးရွာချင်းဆက် ကျောက်ချောလမ်း (၁/၁ ဒသမ ၅)မိုင်အား မြေနီဖြင့် ထပ်ပိုးပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

အဆိုပါ ကျေးရွာချင်းဆက်လမ်းလုပ်ငန်း ဖြစ်သည့် တောင်တွင်းကြီး – အောင်လံ ကားလမ်းမကြီးနှင့် ဆက်သွယ်ဖောက်လုပ်ထားသည့် ပြည့်ညင်လမ်းမှာ ကျောက်ချောလမ်းဖြစ်ပြီး အရှည် (၁/၁ ဒသမ ၅)မိုင် အကျယ် ၁၈ ပေ၊ ထုနှစ်လက်မဖြစ်ကာ မြေနီဖြင့် ထပ်ပိုးပြုပြင်ခြင်းလုပ်ငန်းများကို ပြည်ထောင်စု(ပြင်/ထိန်း) ရန်ပုံ ငွေကျပ် ၁၇ ဒသမ ၃ သန်းဖြင့် ဖေဖော်ဝါရီလ ဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်း၏ ၅၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်ခိုင်ခိုင်ထွေးထံမှ သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ရခိုင်ပြည်နယ် ဂွမြို့နယ်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ စတင်ဆောင်ရွက်

**နေပြည်တော် မတ် ၁**

ရခိုင်ပြည်နယ်အတွင်းရှိ ကမ်းရိုးတန်းဒေသတစ်လျှောက်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ထွက်ခွာလာသည့် တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ အထူးကုဆေးအဖွဲ့များ လိုက်ပါလာသည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့တွင် ဂွမြို့သို့ရောက်ရှိခဲ့ရာ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။ အဆိုပါ နယ်လှည့်အထူးကုဆေးအဖွဲ့များသည် ဂွမြို့ရှိ ရတနသိဒ္ဓိဗိမာန်တော်တွင်အခြေပြု၍ ဂွမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၆၃၀ အား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ စတင်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာ ယနေ့တွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၀၉ ဦး၊ ခွဲစိတ်ရောဂါ ၄၃ ဦး၊ သားဖွား/ မီးယပ်ရောဂါ ၃၀၊ ကလေးရောဂါ ၂၀၊ အရိုးရောဂါ ၁၁၁ ဦး၊ နား/ နှာခေါင်း/ လည်ချောင်းရောဂါ ၅၀၊ မျက်စိရောဂါ ၂၁၀ နှင့် သွားနှင့်ခံတွင်းရောဂါ ၅၇ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့အပြင် ခွဲစိတ်ကုသရန်လိုအပ်သူ အထွေထွေခွဲစိတ်လူနာ ၁၂ ဦး၊ မျက်စိခွဲစိတ်လူနာ ၃၂ ဦး၊ ခတ်မှန်ရိုက်လူနာ တစ်ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၄၇ ဦး၊ ECG ဖြင့် နှလုံးစမ်းသပ်လူနာ ၇၇ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၃၅ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ယင်းသို့ဆောင်ရွက်ပေးနေမှုများကို အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ကျန်းမာရေးဆောင်ရွက်ပေးမှုအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲ ကြားသိခဲ့ရပါသည်။

ကလေးကို မျက်စိလာပြတာပါ။ ဒီမြို့ပေါ်ကပဲဖြစ်ပါတယ်။ အကုန်လုံး အဆင်ပြေပါတယ်။ ဒီကလူတွေကလည်း အကုန်လုံးအဆင်ပြေအောင်လို့ အားလုံးလုပ်ပေးပါတယ်။ အခုလို ကျွန်မတို့ မြို့ကိုလာပြီး ဆေးကုသပေးတဲ့အတွက် အလွန်လည်း ဝမ်းသာပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီမြို့က လူတွေက ပုံမှန်ဆိုရင် မြို့ကိုသွားပြီး ဆေးကုသနိုင်မှု မရှိပါဘူး။ ဒီမြို့မှာ အထူးကုဆရာဝန်တွေလည်း မရှိပါဘူး။ အခုလို အထူးကုဆရာဝန်တွေ စုံစုံလင်လင်နဲ့ လာပြီးကုသပေးတဲ့အတွက် ဒီကလူတွေလည်း အဆင်ပြေကြတဲ့အတွက် ဝမ်းသာပါတယ်။ ခဏခဏ လာစေချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လူတွေလည်း ပင်ပင်ပန်းပန်းနဲ့ အလွန်ဝေးဝေးကြီး သွားစရာမလိုဘဲ ကုသနိုင်တဲ့အတွက် အခုလိုမျိုး တပ်မတော်နယ်လှည့်ဆေးကုအဖွဲ့တွေကို မကြာခဏ လာစေချင်ပါတယ်။ အခုလိုလာပြီး စေတနာ ပါပါနဲ့ ဆေးကုသပေးတဲ့အတွက် အားလုံးကိုကျေးဇူးတင်ပါတယ်။ တခြားမြို့တွေကိုလှည့်လည်ပြီး ကုသပေးနေသလို ကိုယ့်မြို့ကိုလည်း အခုလိုလာပြီးကုသပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ အခုလို နယ်လှည့်ဆေးကုအဖွဲ့တွေဖြစ်ပေါ်လာအောင် ပံ့ပိုးကူညီလမ်းညွှန်ပေးတဲ့ နိုင်ငံတော်အကြီးအကဲကိုလည်း အများကြီးကျေးဇူးတင်ပါတယ်လို့ ပြောချင်ပါတယ်။





အထူးကုဆေးအဖွဲ့အား ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုကြစဉ်။

တပ်မတော်နဲ့ ကျန်းမာရေးဌာနမှ တာဝန်ရှိတဲ့ ဆရာဝန်ကြီးတွေပူးပေါင်းပြီး အခုလိုလာရောက်ပြီး ဆေးကုသပေးတဲ့အတွက် အထူးပဲကျေးဇူးတင်ရှိပါတယ်။ ပြည်သူတွေကိုယ်စား အထူးဝမ်းမြောက်ဝမ်းသာဖြစ်ရပါတယ်။ ဂွမြို့နယ်အနေနဲ့ပြောရရင် ခုတင်၅၀ ဆေးရုံပဲရှိပါတယ်။ ဒါကြောင့် အထူးကုဆရာဝန်ကြီးတွေနဲ့ အလှမ်းဝေးပါတယ်။ ရန်ကုန်ကို သွားရောက်ကုသဖို့ဆိုရင်လည်း အခက်အခဲတွေ အများကြီးရှိပါတယ်။ အခက်အခဲရှိတဲ့လူနာတွေကို အခုလို အခမဲ့လာရောက်ကုသပေးတဲ့အတွက် အထူးပဲကျေးဇူးတင်ရှိပါတယ်။ မကြုံဖူးပါဘူး အခုလို စစ်သင်္ဘောလာရောက်တဲ့အတွက် သွားရောက်ကြည့်ရှုရာမှာ သင်္ဘောကြီးက ခန့်ညားတဲ့အပြင် သင်္ဘောပေါ်မှာ ဆေးကုသမှုဆိုင်ရာပစ္စည်းတွေ အစုံအလင်နဲ့ လာရောက်ကုသပေးတဲ့အတွက် အထူးပဲကျေးဇူးတင်ရှိပါတယ်။ နောက်ထပ်လည်း လာစေချင်ပါတယ်။ အခုလည်း လူနာတွေက တော်တော်များပါတယ်။ မြို့နယ်ကလူဦးရေ ခုနစ်သောင်းလောက်ပဲရှိပါတယ်။ ပြသတဲ့လူနာတွေက ထောင်ကဏန်းနီးပါးလောက်ရှိတဲ့အတွက် နောက်ထပ်လည်း လာရောက်ကုသရင် လူနာတွေလည်း ရှိနေအုံးမယ်လို့ ယူဆမိပါတယ်။ အခုလိုမြို့နယ်ကိုလာရောက်ကုသပေးတဲ့အတွက် နိုင်ငံတော်အကြီးအကဲနဲ့ တာဝန်ရှိသူတွေအားလုံးကို အထူးပဲကျေးဇူးတင်ရှိပါတယ်လို့ ပြောလိုပါတယ်။





ဒေသခံပြည်သူများ

သတင်းစဉ်

## အောင်မြေသာစံနှင့် သာစည်မြို့နယ်တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် မတ် ၁**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)မှ သံဃာတော်များအား အဆိုပါတက္ကသိုလ်၌လည်းကောင်း၊ သာစည်မြို့နယ် လှိုင်းတက်ကျေးရွာရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ဒေသခံပြည်သူများကို အဆိုပါကျေးရွာရှိ ညောင်ပင်သာ ဘုန်းတော်ကြီးကျောင်း၌လည်းကောင်း ယနေ့တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံဆေးကုသရေးအဖွဲ့များက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။

တိုင်းစစ်ဌာနချုပ်၊ နယ်မြေခံဆေးကုသရေးအဖွဲ့များက သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ဒေသခံပြည်သူ စုစုပေါင်း ၁၄၃၁ ဦးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်နှင့် မိတ္ထီလာတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ရတနာပုံတက္ကသိုလ်၌ ဘာသာရပ်ပေါင်းစုံ ရေကန်တော့ပွဲတော် ကျင်းပ

**မန္တလေး မတ် ၁**

ရတနာပုံတက္ကသိုလ် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်နှင့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ ရေကန်တော့ပွဲတော်ကို မတ် ၁ ရက်က အဆိုပါတက္ကသိုလ်ရှိ ဘာသာရပ်အသီးသီးတွင် ကျင်းပသည်။

**မြန်မာ့ယဉ်ကျေးမှုနှင့်အညီ**

ရတနာပုံတက္ကသိုလ် ဘာသာရပ် အသီးသီးရှိ ဘွဲ့ကြိုသင်တန်း၊ ဒီပလိုမာသင်တန်း၊ ဂုဏ်ထူးတန်းသင်တန်း၊ ဒီပလိုမာသင်တန်း၊ မဟာအရည်အချင်းစစ် သင်တန်းနှင့် မဟာသင်တန်း (နေ့သင်တန်း) များတွင် တက်ရောက်ပညာသင်ကြားနေသည့် ကျောင်းသား ကျောင်းသူများသည် ၎င်းတို့၏ သက်ဆိုင်ရာ ပါမောက္ခ(ဌာနမှူး) များ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများ၊ လက်ထောက် ကထိကများနှင့် နည်းပြ၊ သရုပ်ပြ ဆရာ၊ ဆရာမများအား မြန်မာ့ယဉ်ကျေးမှုနှင့်အညီ ရေကန်တော့ကြသည်။

**ပျော်ရွှင်စွာရေကစား**

ထို့နောက် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ဘာသာရပ် အသီးသီးမှ ကျွေးမွေးဧည့်ခံသည့် စတုဒိသာများကို ပျော်ရွှင်စွာ သုံးဆောင်ကြပြီး တစ်ဦးနှင့်တစ်ဦး ချစ်ခင်ရင်းနှီးစွာ ရေသွန်းလောင်းကစားကြကြောင်း သိရသည်။

တင်မောင်-မန်း



# ရခိုင်ပြည်နယ် အမ်းမြို့နယ်၊ ဂွမြို့နယ်နှင့် သံတွဲမြို့နယ်အတွင်းရှိ လေအားလျှပ်စစ်စီမံကိန်းများဆိုင်ရာ သဘောတူညီမှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်း အခမ်းအနားကျင်းပ




**နေပြည်တော် မတ် ၁**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်စွမ်းအားစီမံရေး ဦးစီးဌာနနှင့် Primus Advanced Technologies Limited၊ Asia Ecoenergy Development Limited ၊ Yunnan Machinery and Equipment Import and Export Co., Ltd. တို့အကြား ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်၊ ဂွမြို့နယ်နှင့် သံတွဲမြို့နယ်အတွင်းရှိ လေအားလျှပ်စစ်စီမံကိန်းများဆိုင်ရာ သဘောတူညီမှု စာချွန်လွှာ (Memorandum of Agreement-MOA) လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ယနေ့ နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ လျှပ်စစ်စွမ်းအားဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်၊ ဒုတိယဝန်ကြီး ဦးအေးကျော်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chen Hai ၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ဦးစီးဌာနနှင့်လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေး မှူးများနှင့် ဌာနအကြီးအကဲများ၊ Primus Advanced Technologies Limited၊ Asia Ecoenergy Development Limited နှင့် Yunnan Machinery and Equipment Import and Export Co., Ltd. တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်က စွမ်းအင်ဖူလုံမှုသည် နိုင်ငံသားအားလုံးအတွက် အဓိကကျပြီး စွမ်းအင်အရင်းအမြစ်များမှာ အကန့် အသတ်ဖြင့်သာ တည်ရှိနေပါကြောင်း၊ ယနေ့ လက်မှတ်ရေးထိုးသည့် သဘောတူညီမှုစာချွန်လွှာ မှာ လေအားလျှပ်စစ်စီမံကိန်း သုံးခုဖြစ်သည့် အမ်း လေအားလျှပ်စစ်စီမံကိန်း ၁၅၀ မဂ္ဂါဝပ်၊ ဂွ လေအား လျှပ်စစ်စီမံကိန်း ၁၀၀ မဂ္ဂါဝပ်၊ သံတွဲ လေအား လျှပ်စစ်စီမံကိန်း ၁၁၀ မဂ္ဂါဝပ်တို့ကို အကောင် အထည်ဖော်ဆောင်ရွက်ရန်ဖြစ်ပါကြောင်း၊ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် မြန်မာနိုင်ငံ သားပိုင် PRIMUS ၊ ဟောင်ကောင်အခြေစိုက် AED နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ YMEC တို့အနေဖြင့် MOA ကို လက်မှတ်ရေးထိုးပြီးနောက် ဆောင်ရွက်ရန် ကိစ္စများစွာရှိနေပါကြောင်း၊ စီမံကိန်းဆောင်ရွက် ခြင်းကြောင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်း ကျင် ထိခိုက်မှုမဖြစ်စေရန် သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ထုတ်ပြန် ထားသည့် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ် နည်းများနှင့်အညီ ဆောင်ရွက်သွားကြရန်လည်း လိုအပ်မည်ဖြစ်ပါကြောင်း၊ စီမံကိန်း သုံးခုလုံးအား ၂၀၂၅ ခုနှစ်အတွင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင် အောင် ဆောင်ရွက်သွားကြရန်နှင့် စီမံကိန်း သုံးခု အနက်မှ ဂွစီမံကိန်း၏ ပထမအဆင့် ၅၀ မဂ္ဂါဝပ်ကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာလတွင် တည်ဆောက်ရေး လုပ်ငန်းများ စတင်နိုင်ရေးအတွက် ကုမ္ပဏီများအနေ ဖြင့် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chen Hai က လျှပ်စစ်ကဏ္ဍ၌ ကမ္ဘာ့အကြီးဆုံးဖြစ်သည့် တရုတ် ပြည်သူ့သမ္မတနိုင်ငံနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ် နိုင်ရန် လိုအပ်သည့် လေစွမ်းအင်၊ နေစွမ်းအင်၊ ရေအားနှင့် သဘာဝဓာတ်ငွေ့အရင်းအမြစ်များ ပေါကြွယ်ဝသည့် မြန်မာနိုင်ငံတို့အကြား ပူးပေါင်း ဆောင်ရွက်မှုသည် နှစ်နိုင်ငံအတွက် အထူးအကျိုး ဖြစ်ထွန်းစေမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ပြည်တွင်းလျှပ်စစ်ဓာတ်အားဖူလုံမှုနှင့် ၂၀၃၀ ပြည့် နှစ်တွင် နိုင်ငံတော်ဓာတ်အားစနစ်မှ တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားရရှိနိုင်ရေး ရည်မှန်းချက်များ ပြည့်မီစေရန် လျှပ်စစ်ကဏ္ဍတွင် ဆောင်ရွက်နေသည့် စီမံကိန်းများ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကုမ္ပဏီ များက ဆက်လက်ပူးပေါင်း ပါဝင်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ ပထမဆုံးတည်ဆောက်မည့် လေအား လျှပ်စစ်စီမံကိန်းများဖြစ်သည့်အတွက် တရုတ်- မြန်မာ လျှပ်စစ်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု၏ ခြေလှမ်းသစ် စတင်ခြင်းလည်းဖြစ်ပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ လေအားလျှပ်စစ် ထုတ်လုပ်နိုင်မှုပမာဏသည် ကီလိုဝပ်နာရီ သန်း ၄၀၀ အထိ ရောက်ရှိနေပြီဖြစ်ကာ ကမ္ဘာ့လေစွမ်းအင် ထုတ်လုပ်မှုစုစုပေါင်း၏ သုံးပုံတစ်ပုံခန့်ရှိပြီး ကမ္ဘာ့ အဆင့် (၁) လေအားလျှပ်စစ် ထုတ်လုပ်သူအဖြစ် နှစ်ပေါင်းများစွာ ဆက်လက်ရပ်တည်လျက်ရှိပါ ကြောင်း၊ တရုတ်-မြန်မာ လေအားလျှပ်စစ် ပူးပေါင်း ဆောင်ရွက်ရေးစီမံကိန်းကြီး အောင်မြင်ပါစေကြောင်း နှင့် နှစ်နိုင်ငံအကြား လျှပ်စစ်ဓာတ်အားကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုအတွက် တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့မှ ကုမ္ပဏီများ၏ ကြိုးပမ်းဆောင်ရွက် မှုများကို ကျေးဇူးတင်ဂုဏ်ယူမိပါကြောင်း ပြောကြား သည်။

ယင်းနောက် Yunnan Machinery and Equipment Import and Export Co., Ltd. (YMEC) ၏ Vice President Mr. Dong Fan က ကျေးဇူးတင် စကားပြောကြား၍ စီမံကိန်းဆောင်ရွက်မည့် အခြေ အနေများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ချုပ် ဒေါ်မိမိခိုင်၊ Yunnan Machinery and Equipment Import and Export Co., Ltd. (YMEC) ၏ Vice President Mr. Dong Fan နှင့် Primus Advanced Technologies Limited (PRIMUS)၏ Managing Director ဦးကျော်လှဝင်းတို့က ရခိုင် ပြည်နယ် အမ်းမြို့နယ်၊ ဂွမြို့နယ်နှင့် သံတွဲမြို့နယ် အတွင်းရှိ လေအားလျှပ်စစ်စီမံကိန်းများဆိုင်ရာ သဘောတူညီမှုစာချွန်လွှာ (Memorandum of Agreement-MOA) ကို လက်မှတ်ရေးထိုး၍ **(အပေါ်ဝဲပုံ)** အပြန်အလှန် လဲလှယ်ကြကာ မှတ်တမ်း တင်ဓာတ်ပုံရိုက်ကြသည်။

ယနေ့ လက်မှတ်ရေးထိုးသော ရခိုင်ပြည်နယ် အမ်းမြို့နယ်၊ ဂွမြို့နယ်နှင့် သံတွဲမြို့နယ်အတွင်းရှိ လေအားလျှပ်စစ်စီမံကိန်းများသည် စုစုပေါင်း ၃၆၀ မဂ္ဂါဝပ် ထုတ်လုပ်ပေးနိုင်မည့် ဒေသအကျိုးပြု စီမံကိန်းတစ်ခုဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့် ကျောင်းသုံးစာအုပ်များ ပုံနှိပ်ထုတ်လုပ်နေမှု ကြည့်ရှုစစ်ဆေး

**မန္တလေး မတ် ၁**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယနေ့ နံနက်ပိုင်းတွင် မန္တလေးမြို့ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ပုံနှိပ်စက်ရုံသို့ ရောက်ရှိပြီး ကျောင်းသုံးစာအုပ်များ ပုံနှိပ်ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

ထို့နောက် စက်ရုံမှူးနှင့် အရာထမ်း၊ ဝန်ထမ်းများအား တွေ့ဆုံ၍ ပုံနှိပ်ထုတ်လုပ်မှုအရည် အသွေး ကောင်းမွန်ရေး၊ ကုန်ကြမ်း ပစ္စည်းများ အလေအလွင့်မရှိစေရေး၊ မီးဘေးလုံခြုံရေးနှင့် လုပ်ငန်း ခွင်လုံခြုံရေးတို့ကို အလေးထား ဆောင်ရွက်ရေး၊ နိုင်ငံ့ဝန်ထမ်းကောင်းပီသစွာ စည်းလုံးညီညွတ်စွာ တာဝန်ထမ်းဆောင်ကြရေး တို့ကို မှာကြားသည်။

မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ တိုင်းဒေသကြီးဦးစီးမှူး၊ ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးများနှင့် ဝန်ထမ်းများ၊ စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးမှူး၊ စစ်ကိုင်းဇုန်ထပ်ဆင့် လွှင့်စက်ရုံများ ဇုန်နယ် တာဝန်ခံ၊ ပုံနှိပ်စက်ရုံ စက်ရုံမှူး၊ ကိုယ်ပွား သတင်းစာတိုက် တာဝန်ခံနှင့် စာပေဗိမာန် စာကြည့်တိုက်မှူး တို့အား တွေ့ဆုံ၍ မိမိတို့လုပ်ငန်း များ တိုးတက်အောင်မြင်အောင် စည်းလုံးညီညွတ်စွာ ဆောင်ရွက်ရန်၊ နွေရာသီကျောင်းပိတ်ရက် ကာလအတွင်း ကျောင်းသား လူငယ်များအား အသိပညာပေး ခြင်းများကို တိုးမြှင့်ဆောင်ရွက်ရန်၊ လာမည့်နှစ် စာသင် ကျောင်းများ ဖွင့်သည့်ကာလတွင် ကျောင်းနေအရွယ် ကလေးတိုင်း ကျောင်းအပ်နှံနိုင်ရေး လှုံ့ဆော် ပညာပေးရန်၊ KG+9 အောင်မြင် ပြီးပါက ခရိုင် ၅၀ တွင် ဖွင့်လှစ်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုလက်မှု အသက် မွေးဝမ်းကျောင်း ပညာရပ်များ ဆက်လက် သင်ကြားနိုင်ခွင့် နှင့် ထူးချွန်စွာ အောင်မြင်ပါက သက်ဆိုင်ရာသိပ္ပံများ၊ တက္ကသိုလ်များသို့ ဆက်လက်သင်ကြားနိုင် ခွင့်ရှိကြောင်း အသိ ပညာပေးရန်၊ သတင်းစာများ အရေအသွေး ကောင်းမွန်ရေး နှင့် အချိန်မီ ဖြန့်ဝေနိုင်ရေး ဆောင်ရွက်ရန်၊ နိုင်ငံ့ဝန်ထမ်းကောင်း ပီသစွာ တာဝန်ကို ကျေပွန်စွာထမ်းဆောင် ကြစေရန် မှာကြားသည်။




**သတင်းစဉ်**



ဖေဖော်ဝါရီ ၂၈ ရက်က အ.ထ.က (၁) တောင်ကြီး၌ Grade-9 ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများအား စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး ပညာရပ်များကို သင်ယူလေ့လာခွင့် ရရှိနိုင်ရေးအတွက် အသိပညာပေးဟောပြောစဉ်။ သွန်း

ရန်ကုန်မြို့ ဒဂုံမြို့နယ် နဝဒေးလမ်းနေ သတင်း ထောက် ဦးအောင်သန်း (အောင်သန်း- မင်္ဂလာ တောင်ညွန့်) - ဒေါ်အေးရီ မိသားစုက ရန်ကုန်မြို့ မှော်ဘီ ဘိုးဘွားများ စောင့်ရှောက်ရေးဂေဟာရှိ အဘိုးအဘွားများအတွက် အာဟာရဒါန တစ်ရက် စာ အလှူငွေကျပ် တစ်သိန်း၊ ဦးသန့်ဇင်ထွန်း ကြေးမုံသတင်းစာ သတင်းထောက်ချုပ် (ငြိမ်း) တို့က အလှူငွေကျပ် နှစ်သောင်းတို့ကို ဂေဟာ အကျိုးတော်ဆောင် ဦးစိုးမင်း (ရန်ကင်း စိုးမင်း) ထံ ပေးအပ်လှူဒါန်းစဉ်။ အာကာလင်း



## မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)၌ ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသော ဗန်းမော်ဆရာတော်ဘုရားကြီးအား သွားရောက်ဖူးမြော်၊ အလှူငွေနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း



**နေပြည်တော် မတ် ၁**
ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) ၌ ဆေးရုံ တက်ရောက်ကုသမှု ခံယူလျက်ရှိသော နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေနှင့် တာဝန်ရှိသူများက သွားရောက်ဖူးမြော် ကြည်ညိုကြသည်။

ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆရာတော်ကြီး၏ ကျန်းမာရေး အခြေအနေများကို မေးမြန်းလျှောက်ထားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆရာတော်ကြီးအား အလှူငွေနှင့် လှူဖွယ် ဝတ္ထုပစ္စည်းများကို ဆက်ကပ် လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## နယ်စပ်ရေးရာဝန်ကြီးဌာနက ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆန်၊ ဆီ၊ ဆား၊ ကုလားပဲများ ဆက်ကပ်လှူဒါန်း



**နေပြည်တော် မတ် ၁**
နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံတစ်ဝန်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်အခက်အခဲမရှိစေရေးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ကုလားပဲများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ယမန်နေ့နံနက်ပိုင်းတွင် ပအိုဝ်းဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးဆွေလင်းမြင့်နှင့် ဝန်ထမ်းများက ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ဆိုက်ခေါင်ကျေးရွာ၊ သုဝဏ္ဏသာမဏေကျော် ကျောင်းတိုက်သို့လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ဟိုပုံးမြို့နယ် စံဖူးကျေးရွာအုပ်စု လိုက်ပေးကျေးရွာ ဘုန်းတော်ကြီးကျောင်းသို့လည်းကောင်း ဆန်၊ ဆီ၊ ဆားနှင့် ကုလားပဲများ ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် မတ် ၁**
ပြည်ထဲရေးဝန်ကြီးဌာန၊ တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ ဝိပဿနာကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ တောင်ညိုတောရကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်ရှိ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်ရှိ ပညာရာမပရိယတ္တိစာသင်တိုက်၊ မင်္ဂလာဒုံမြို့နယ်ရှိ ရွှေဥမင်ဓမ္မသုခကျောင်းတိုက်၊ သာကေတမြို့နယ်ရှိ ဓမ္မသုခဝိပဿနာကျောင်းတိုက်နှင့် အင်းစိန်မြို့နယ်ရှိ ရွှေညောင်ပင်ပရိယတ္တိစာသင်တိုက်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ ဓမ္မဝံသ(ဓမ္မဝုန်း)ကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ မောင်းထောင်ကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ဝင်းနိမ္မိတာရုံကျောင်းတိုက်၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ ပြည်တော်သာကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ ရတနာသိဒ္ဓိ ကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ ချမ်းသာကြီးမြောက်ကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ ရသေ့တောင်ကျောင်းတိုက်နှင့် လားရှိုးမြို့နယ်ရှိ တာပုံကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*
မြန်မာအသင်းသည် အုပ်စု (G) တွင် ကမ္ဘောဒီးယား၊ မလေးရှား အသင်းတို့နှင့် ကျရောက်နေသည်။ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် အာရှဖလား ယူ - ၂၀ အမျိုးသမီးခြေစစ်ပွဲကို အုပ်စုရှစ်ခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စု (G) တွင် ကမ္ဘောဒီးယား၊ မလေးရှားအသင်းတို့နှင့် ကျရောက်နေသည်။ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် မတ် ၈ ရက်တွင် ကမ္ဘောဒီးယားအသင်း၊ မတ် ၁၂ ရက်တွင် မလေးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ခြေစစ်ပွဲကျင်းပမည့်ပုံစံအရ အုပ်စုတစ်ခုစီမှ ထိပ်ဆုံးတစ်သင်းစီသာ ဒုတိယအဆင့် တက်ရောက်ခွင့်ရမည်ဖြစ်သည်။ မြန်မာ ယူ - ၂၀ အမျိုးသမီးအသင်းကို နည်းပြချုပ်အဖြစ် ဒေါ်စန်းစန်းသိန်းက တာဝန်ယူ ကိုင်တွယ်လျက်ရှိပြီး ပြီးခဲ့သည့် နှစ်ကုန်ပိုင်းကတည်းက စတင်လေ့ကျင့်နေခြင်းဖြစ်သည်။

ခြေစစ်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ - ၂၀ အမျိုးသမီးအသင်းတွင် **နည်းပြချုပ်** - ဒေါ်စန်းစန်းသိန်း **လက်ထောက် နည်းပြများ** - ဒေါ်နွယ်နွယ်တိုး၊ ဒေါ်စန်းယုနိုင်၊ **ဂိုးနည်းပြ** - ဒေါ်မေခင်ယမင်း၊ အားကစား သမားများအဖြစ် **ဂိုးသမား** - မေဦးခင် (ISPE FC)၊ ဖီးဗေ (Y.R.E.O FC)၊ သူဇာအောင် (ဧရာဝတီတိုင်း ဒေသကြီး)၊ **နောက်တန်း** - ဖြူဖွေး၊ ယုယုနိုင် (Y.R.E.O FC)၊ ခင်ငွေးကြိုင် (Sports and Education FC)၊ ဒီဇင်ဘာနွင်း (သစ္စာအားမာန်အက်ဖ်စီ)၊ ကြယ်စင် (ISPE FC)၊ ဖြူဖြူဝင်း (မြဝတီအက်ဖ်စီ)၊ ဝေဖူးအိမ် (သစ္စာအားမာန်အက်ဖ်စီ)၊ **အလယ်တန်း** - ဒေစီအောင်၊ နန်းချို့မွေး (Y.R.E.O FC)၊ နှင်းပွင့်အေး၊ ဟေမာန်စိုး (ISPE FC)၊ ဓခါရိုရ်စီ (ကချင်ပြည်နယ်)၊ ကေသွယ်ဖြိုးဦး (အား/ကာသိပ္ပံ ရန်ကုန်)၊ ဝေဟင်ဖြိုး (Sports and Education FC)၊ စန္ဒာလင်း (အား/ကာသိပ္ပံ မန္တလေး)၊ မေသက်မွန်မြင့် (သစ္စာအားမာန်အက်ဖ်စီ)၊ **ရှေ့တန်း** - ဇင်မိုးပြည့်၊ ယုယနိုင် (Y.R.E.O FC)၊ ယဉ်လွန်းအိမ် (ISPE FC)၊ ယွန်းဝတီလှိုင် (အား/ကာ သိပ္ပံမန္တလေး) တို့ ပါဝင်သည်။

မြန်မာ ယူ - ၂၀ အမျိုးသမီးအသင်းသည် ပဏာမကစားသမား ၃၀ မှ ခုနစ်ဦးလျှော့ချကာ အပြီးသတ်ကစားသမား ၂၃ ဦး ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

**ရဲရင့်လွင်**
**ဓာတ်ပုံ-MFF**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား (၁)ရပ်ကွက်၊ အောင်ဇေယျလမ်း၊ အမှတ်(၂၄)တွင် ပါတီရုံးချုပ်တည်ရှိသော **တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ** က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင် မှတ်ပုံတင်ခွင့်ပြုရန် ၂၇-၂-၂၀၂၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၏ အလံပုံစံ**



**တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၏ တံဆိပ်ပုံစံ**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ မင်းဂံရပ်ကွက်၊ မင်းစောမွန်လမ်း၊ အိမ်အမှတ် (၁/ဃ/၁)တွင် ပါတီရုံးချုပ်တည်ရှိသော **ရခိုင့်ဦးဆောင်ပါတီ [Arakan Front Party (AFP)]** က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင် မှတ်ပုံတင်ခွင့်ပြုရန် ၂၇-၂-၂၀၂၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ရခိုင့်ဦးဆောင်ပါတီ [Arakan Front Party (AFP)]၏ အလံပုံစံ**



**ရခိုင့်ဦးဆောင်ပါတီ [Arakan Front Party (AFP)]၏ တံဆိပ်ပုံစံ**




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကော့သောင်းကုန်သွယ်ရေးစခန်းမှ ပို့ကုန်ရေထွက်ပစ္စည်းတင်ပို့မှုနှင့် သွင်းကုန်ပစ္စည်းတင်သွင်းမှု အခြေအနေ



ကော့သောင်း ကုန်သွယ်ရေးစခန်းသည် တစ်ဖက်ထိုင်းနိုင်ငံသို့ ရေထွက်ပစ္စည်းများကို FOB စနစ်ဖြင့် အဓိကတင်ပို့နေသော ပို့ကုန်အသာစီးရသည့် စခန်းတစ်ခုဖြစ်သည်။ အဓိကတင်ပို့နေသောပစ္စည်းများမှာ ငါးမျိုးစုံ၊ ငါးစည်ဖောင်း၊ ပုစွန်၊ ငါးဆားနယ်၊ ကဏန်း၊ ကင်းမွန်(စို/ခြောက်)၊ ခရုနှင့် ငါးမှုန့်၊ သီဟိုဠ်စေ့နှင့် ဆီအုန်းတို့ဖြစ်သည်။

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၈ ရက်အထိ ပို့ကုန်တန်ချိန် ၂၂၅၉ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၅၃၇ သန်း၊ သွင်းကုန်တန်ချိန် ၆၃၆၃ ဒသမ ၁၇ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂ ဒသမ ၄၃၉ သန်းရှိပြီး ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၉၇၆ သန်း ရရှိခဲ့ပါသည်။ အများဆုံး တင်ပို့နိုင်သည့် ပို့ကုန်ပစ္စည်းမှာ ငါးမျိုးစုံနှင့် ကင်းမွန်၊ ဆီအုန်း၊ အုန်းဖက်အက်ဆစ်၊ ဓနိအုန်း၊ ဆီအုန်းကြိတ်ဖတ်တို့ဖြစ်ပြီး အများဆုံး တင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းများမှာ ဓာတ်ဆီ၊ ဒီဇယ်၊ ပီလောပီနံမှုန့်၊ ဟိုက်ဒရိုဂျင်ပါ အောက်ဆိုဒ်၊ ဆိုဒီယမ်ကာဗွန်နိတ်၊ အနံ့ရည်၊ ဆား၊ ရေခဲပုံး၊ ဆီလီကွန်၊ မီးသွေးမှုန့်၊ ထုံးမှုန့်၊ ကုန်စုံ၊ ဘက်ထရီ၊ ဆီအုန်းမျိုးစေ့၊ ငှက်သိုက်၊ ကြိုး၊ ကျောက်ချဉ်၊ စတီးဝိုင်ယာကြိုး၊ ပုလင်းခွံ၊ ဆိုးဆေးမှုန့်၊ ဓာတုကုန်ကြမ်း၊ နှင်းရည်တို့ဖြစ်ကြောင်း သိရှိရသည်။

မတ် ၁ ရက် ပြင်ပ ငွေလဲနှုန်းမှာ မြန်မာငွေကျပ် တစ်သိန်းလျှင် ၁၂၁၂ ဘတ်၊ တစ်ဘတ်လျှင် မြန်မာငွေ ၈၂ ဒသမ ၅ ကျပ်ခန့်ဖြစ်သဖြင့် ဖေဖော်ဝါရီ ၂၈ ရက်ထက် တစ်ဘတ်လျှင် ၀ ဒသမ ၅ ကျဆင်းသွားကြောင်း သတင်းရရှိသည်။

## မိတ္ထီလာမှ မြဝတီဈေးကွက်သို့ ကြက်သွန်နီအဝယ်လိုက်၍ ဈေးနှုန်းအနည်းငယ်မြင့်တက်

မန္တလေးတိုင်းဒေသကြီး၌ မိတ္ထီလာဈေးကွက်မှ မြဝတီသို့ ဖေဖော်ဝါရီလ တတိယပတ်အတွင်း ကြက်သွန်နီတင်ပို့မှုများ ရှိလာသောကြောင့် ယခင်အပတ်၌ ဈေးနှုန်းမြင့်တက်လာခဲ့ကြောင်း၊ ကြက်သွန်နီတင်ပို့မှုအနေဖြင့် ယခုအပတ်အတွင်း မိတ္ထီလာမှ ရန်ကုန်သို့ အခြားကုန်များရောချ၍ ၁၂ ဘီးကားတစ်စီးလျှင် ကြက်သွန်နီပိဿာချိန် ၅၀၀၀ ခန့်၊ မိတ္ထီလာမှ ပဲခူးသို့အခြားကုန်များရောချ၍ ခြောက်ဘီးကား နှစ်စီးလျှင် ကြက်သွန်နီပိဿာချိန် ၃၀၀၀ ခန့်ဖြင့် နေ့စဉ်ပုံမှန် တင်ပို့လျက်ရှိရာ မိတ္ထီလာမှမြဝတီသို့ တစ်ပတ်အတွင်း ၁၂ ဘီးကားနှင့် တွဲကားအပါအဝင် စုစုပေါင်းကား ငါးစီးဖြင့် ကြက်သွန်နီပိဿာချိန် ၇၉၆၁၀ တင်ပို့နိုင်ခဲ့ကြောင်းသိရသည်။ ကုန်တင်ပို့ခမှာ မိတ္ထီလာ-ရန်ကုန် တစ်ပိဿာလျှင် ငွေကျပ် ၁၁၀၊ မိတ္ထီလာ-ပဲခူး ငွေကျပ် ၁၀၀ ဖြင့် ဈေးငြိမ်နေပြီး မိတ္ထီလာ-မြဝတီ ငွေကျပ် ၁၆၀ ဈေးနှုန်းဖြင့် တင်ပို့နိုင်ခဲ့ကြောင်း၊ ဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ် တစ်ပိဿာလျှင်(၈၀၀-၈၅၀) ကျပ်မှ ယခုတစ်ပတ်တစ်ပိဿာလျှင် ငွေကျပ် ၉၀၀ အသီးသီးဖြင့် ဈေးနှုန်းအနည်းငယ် မြင့်တက်လာကြောင်း သတင်းရရှိသည်။

DOCA(မန္တလေး)

## လွယ်ဂျယ်နယ်စပ်ကုန်စည်စီးဆင်းမှုအခြေအနေ

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်တွင် လယ်ယာထွက်ကုန်အနေဖြင့် ဆန်ကားစီးရေ ခြောက်စီး တန်ချိန် ၁၉၈ ဒသမ ၅ တန်၊ ဆန်ကွဲကားစီးရေ သုံးစီး တန်ချိန် ၁၀၀၊ တစ်သျှူးငှက်ပျော ကားစီးရေ ၃၃ စီး တန်ချိန် ၅၂၈ တန်၊ မြေထောက်ပဲကားစီးရေ တစ်စီး တန်ချိန် ၃၂ ဒသမ ၅ တန်၊ ပဲယဉ်း သုံးစီး ၉၉ ဒသမ ၇၅ တန်၊ ပဲတီစိမ်း နှစ်စီး ၆၄ တန် တင်ပို့နိုင်ခဲ့သည်။ တစ်ဖက်နိုင်ငံမှ ကုန်စုံ ကားစီးရေ နှစ်စီး တန်ချိန် ၁၄ ဒသမ ၄၅ တန် တင်သွင်းနိုင်ခဲ့သည်။ ကုန်သွယ်မှုလမ်းကြောင်းမှာ ပုံမှန်အတိုင်း ကောင်းမွန်လျက်ရှိကြောင်း သိရှိရသည်။

လွယ်ဂျယ်နယ်စပ်ဒေသ ငွေကြေးဈေးကွက်အနေဖြင့် ဖေဖော်ဝါရီ ၁ ရက်တွင် တစ်ယွမ်လျှင် ၄၁၆ ကျပ်ဖြစ်ခဲ့ပြီး ဖေဖော်ဝါရီ ၂၈ ရက်၌ တစ်ယွမ်လျှင် ၄၁၇ ကျပ်အထိ မြန်မာကျပ်ငွေဈေး အနည်းငယ်လျော့နည်းလာခဲ့ကြောင်း သတင်းရရှိသည်။

## မောင်တောကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

မောင်တောကုန်သွယ်ရေးစခန်း၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်၊ လျာထားချက်မှာ ပို့ကုန် ၁၁ အမေရိကန်ဒေါ်လာသန်း၊ သွင်းကုန် ၀ ဒသမ ၅ အမေရိကန်ဒေါ်လာသန်း၊ ကုန်သွယ်မှုပမာဏ ၁၁ ဒသမ ၅ အမေရိကန်ဒေါ်လာသန်းဖြစ်သည်။ ဖေဖော်ဝါရီ ၂၅ ရက်နေ့အထိ အမှန်ဆောင်ရွက်နိုင်မှုမှာ ပို့ကုန် ၁၅ ဒသမ ၇၁၆ အမေရိကန်ဒေါ်လာသန်း၊ သွင်းကုန် ၀ ဒသမ ၀၄၂ အမေရိကန်ဒေါ်လာသန်း၊ ကုန်သွယ်မှုပမာဏ ၁၅ ဒသမ ၇၅၈ အမေရိကန်ဒေါ်လာသန်း ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ပြီး တစ်နှစ်လုံး၏ လျာထားချက်အပေါ် ၁၃၇ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့သည်။

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလအတွင်း တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများမှာ လယ်ယာထွက်ကုန်ပစ္စည်းမှာ ကြက်သွန်ဖြူ၊ ပန်းသီး၊ ကွမ်းသီး၊ ထန်းလျက်၊ အုန်းသီး၊ ငရုတ်သီးခြောက်၊ ဆီးသီးခြောက်၊ သရက်သီး၊ ရေထွက်ပစ္စည်းမှာ ငါးမြစ်ချင်း၊ ငါးသလောက်၊ ငါးခေါင်းပွ၊ ငါးနီတူခြောက်၊ ငါးစုံလေးခြောက်၊ ငါးကုန်းညှိခြောက်၊ ပုစွန်ခြောက်၊ စက်မှုကုန်ချောပစ္စည်းမှာ လူကြီးစီးဖိနပ်၊ သနပ်ခါးခဲ၊ ဆီးယိုထုပ်၊ ကော်ဖီမစ်နှင့် ဆန်ကြာဆံတို့ တင်ပို့ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း**

### ၁.၃.၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး၊ ရွှေဈေးနှုန်းများ

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | | ၁၆' ပဲရည်ရွှေ (တစ်ကျပ်သား) |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၂၇၀၀ | | ၁၅၀၀၀ | ၈၀၀၀ | ၁၈၀၀၀ | ၂၃၀၀ | ၇၀၀၀ | ၄၂၀၀ | ၃၅၀၀ | ၂၃၀၀ | ၁၀၀၀ | ၇၅၀၀ | ၅၀၀၀ | ၅၅၀၀ | ၂၃၀၀ | ၃၀၀၀ | ၁၃၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၂၀၀၀ | ၂၈၄၀၀၀၀ |
| ၂ | လားရှိုး | ၂၂၀၀ | ၂၀၀၀ | ၁၀၀၀၀ | ၇၂၀၀ | ၁၈၀၀၀ | ၂၅၀၀ | ၈၀၀၀ | ၄၀၀၀ | ၃၀၀၀ | ၂၀၀၀ | ၇၀၀ | ၇၀၀၀ | ၅၅၀၀ | ၄၅၀၀ | ၂၅၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၅၀၀ | ၂၈၀၀၀ | ၈၀၀၀ | ၂၈၄၈၀၀၀ |
| ၃ | ကျိုင်းတုံ | ၂၉၀၀ | | ၁၆၀၀၀ | ၇၀၀၀ | ၁၉၀၀၀ | ၂၀၀၀ | ၈၀၀၀ | ၅၃၀၀ | | ၂၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၃၀၀၀ | ၃၀၀၀ | ၃၄၀၀ | ၁၀၀၀၀ | ၂၁၀၀၀ | ၂၄၀၀၀ | | ၉၀၀၀ | ၂၈၂၀၀၀၀ |
| ၄ | တောင်ကြီး | ၂၄၀၀ | ၂၂၀၀ | ၁၀၀၀၀ | ၇၆၀၀ | ၁၉၀၀၀ | ၂၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၄၀၀၀ | ၁၀၀၀ | ၆၀၀ | ၉၀၀၀ | ၄၈၀၀ | ၅၀၀၀ | ၂၅၀၀ | ၃၂၀၀ | ၁၂၅၀၀ | ၁၆၅၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၈၅၀၀ | ၂၇၈၅၀၀၀ |
| ၅ | လွိုင်ကော် | ၃၄၀၀ | ၂၅၀၀ | ၁၃၅၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၂၃၀၀ | ၄၅၀၀ | ၅၂၀၀ | ၅၅၀၀ | ၁၈၀၀ | ၆၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၇၀၀ | ၂၃၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၉၀၀၀ | ၂၈၅၅၀၀၀ |
| ၆ | ဘားအံ | ၂၃၀၀ | | ၁၂၀၀၀ | ၇၀၀၀ | ၁၃၅၀၀ | ၁၈၀၀ | ၅၅၀၀ | ၄၅၀၀ | ၅၀၀၀ | ၂၅၀၀ | ၆၀၀ | ၇၀၀၀ | ၄၈၀၀ | ၃၈၀၀ | ၂၅၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | ၈၀၀၀ | ၂၈၃၉၀၀၀ |
| ၇ | မော်လမြိုင် | ၂၅၀၀ | | ၁၃၅၀၀ | ၇၀၀၀ | ၁၈၀၀၀ | ၂၄၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၂၅၀၀ | ၆၀၀ | ၉၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၂၅၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၆၅၀၀ | ၂၈၃၀၀၀၀ |
| ၈ | ထားဝယ် | ၂၃၀၀ | | ၁၆၀၀၀ | ၈၆၀၀ | ၁၇၀၀၀ | ၁၅၀၀ | ၄၅၀၀ | ၄၈၀၀ | ၄၂၀၀ | ၁၈၀၀ | ၅၀၀ | ၆၅၀၀ | ၆၀၀၀ | ၄၂၀၀ | ၂၈၀၀ | ၂၈၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၃၀၀၀ | | ၂၈၃၇၀၀၀ |
| ၉ | မြိတ် | ၂၆၅၀ | | ၁၅၀၀၀ | ၆၇၀၀ | ၁၆၀၀၀ | ၁၇၀၀ | ၆၉၀၀ | ၄၈၀၀ | ၄၀၀၀ | ၂၇၀၀ | ၈၀၀ | ၆၉၀၀ | ၅၅၀၀ | ၅၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၇၀၀၀ | ၂၄၀၀၀ | | ၂၈၃၀၀၀၀ |
| ၁၀ | ရန်ကုန် | ၂၃၀၀ | ၂၃၀၀ | ၁၂၀၀၀ | ၅၀၀၀ | ၁၈၀၀၀ | ၂၂၀၀ | ၇၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၃၀၀၀ | ၆၀၀ | ၆၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၂၅၀၀ | ၃၀၀၀ | ၉၀၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၂၇၀၀၀ | ၁၀၀၀၀ | ၂၇၉၀၀၀၀ |
| ၁၁ | ပုသိမ် | ၂၂၅၀ | | ၁၄၀၀၀ | ၇၄၀၀ | ၁၂၅၀၀ | ၁၅၀၀ | ၅၀၀၀ | ၄၃၀၀ | ၅၀၀၀ | ၂၅၀၀ | ၄၀၀ | ၇၅၀၀ | ၄၅၀၀ | ၅၀၀၀ | ၂၄၀၀ | ၂၅၀၀ | ၈၅၀၀ | ၁၄၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၉၀၀၀ | ၂၇၈၀၀၀၀ |
| ၁၂ | စစ်တွေ | ၂၅၀၀ | ၂၃၀၀ | ၁၁၅၀၀ | ၇၅၀၀ | ၁၇၀၀၀ | ၂၂၀၀ | ၈၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၃၀၀၀ | ၆၀၀ | ၇၈၀၀ | ၄၆၀၀ | ၄၀၀၀ | ၃၅၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၂၈၇၀၀၀၀ |
| ၁၃ | ဟားခါး | ၃၃၀၀ | | ၁၆၀၀၀ | | ၁၈၀၀၀ | ၅၀၀၀ | ၅၀၀၀ | | | ၂၀၀၀ | ၁၀၀၀ | | ၅၀၀၀ | | ၃၀၀၀ | ၄၀၀၀ | ၁၃၀၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | | ၉၀၀၀ | ၂၉၀၀၀၀၀ |
| ၁၄ | မုံရွာ | ၃၂၀၀ | | ၁၂၀၀၀ | ၇၆၅၀ | ၁၉၀၀၀ | ၁၈၀၀ | ၆၀၀၀ | ၅၃၀၀ | ၅၃၀၀ | ၁၇၀၀ | ၇၀၀ | ၆၃၅၀ | ၆၄၀၀ | ၄၀၀၀ | ၂၆၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၈၀၀၀ | ၂၇၉၀၀၀၀ |
| ၁၅ | မန္တလေး | ၂၃၀၀ | ၁၆၀၀ | ၁၂၅၀၀ | ၇၇၀၀ | ၂၀၀၀၀ | ၁၈၀၀ | ၃၂၀၀ | ၄၀၀၀ | ၄၅၀၀ | ၂၀၀၀ | ၆၀၀ | ၇၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၂၅၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၈၀၀၀ | ၂၇၉၅၀၀၀ |
| ၁၆ | ပခုက္ကူ | ၂၂၀၀ | | ၁၁၀၀၀ | ၇၀၀၀ | ၁၇၀၀၀ | ၁၄၀၀ | ၆၅၀၀ | ၅၂၀၀ | ၆၀၀၀ | ၁၉၀၀ | ၆၀၀ | ၇၀၀၀ | ၅၆၀၀ | ၄၀၀၀ | ၂၃၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၆၀၀၀ | ၂၈၅၀၀၀၀ |
| ၁၇ | မကွေး | ၂၅၅၀ | | ၁၁၀၀၀ | ၇၅၀၀ | ၁၈၀၀၀ | ၁၅၀၀ | ၄၅၀၀ | ၅၀၀၀ | ၅၈၀၀ | ၂၈၀၀ | ၁၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၅၀၀ | ၃၂၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၇၀၀၀ | ၂၈၄၅၀၀၀ |
| ၁၈ | ပြည် | ၂၀၀၀ | | ၁၂၅၀၀ | ၇၆၀၀ | ၂၅၀၀၀ | ၁၄၀၀ | ၇၀၀၀ | ၅၅၀၀ | ၄၅၀၀ | ၁၇၀၀ | ၄၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၂၈၀၀ | ၂၃၀၀ | ၁၀၀၀၀ | ၁၃၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၉၀၀၀ | ၂၈၅၅၀၀၀ |
| ၁၉ | ပဲခူး | ၂၄၀၀ | | ၁၃၅၀၀ | ၇၈၀၀ | ၁၆၀၀၀ | ၁၆၀၀ | ၅၅၀၀ | ၄၅၀၀ | | ၂၀၀၀ | ၆၀၀ | ၇၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၂၅၀၀ | ၃၀၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၆၅၀၀ | ၂၈၀၀၀၀၀ |
| ၂၀ | ပျဉ်းမနား | ၂၄၀၀ | | ၁၄၀၀၀ | ၇၂၀၀ | ၁၄၀၀၀ | ၁၄၀၀ | ၅၂၀၀ | ၄၄၀၀ | ၄၀၀၀ | ၂၂၀၀ | ၅၀၀ | ၇၂၀၀ | ၄၆၀၀ | ၄၀၀၀ | ၂၄၀၀ | ၃၃၀၀ | ၉၀၀၀ | ၁၄၀၀၀ | ၁၂၀၀၀ | ၂၃၀၀၀ | ၁၀၀၀၀ | ၂၈၅၀၀၀၀ |
| ၂၁ | နေပြည်တော် | ၂၄၀၀ | | ၁၄၅၀၀ | ၇၂၀၀ | ၁၅၀၀၀ | ၁၆၀၀ | ၅၄၀၀ | ၄၄၀၀ | ၄၂၀၀ | ၂၄၀၀ | ၅၀၀ | ၇၅၀၀ | ၄၆၀၀ | ၄၂၀၀ | ၂၆၀၀ | ၃၃၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | ၂၃၀၀၀ | ၁၀၀၀၀ | ၂၈၅၀၀၀၀ |
| ၂၂ | ကလေး | ၂၃၀၀ | ၂၃၀၀ | ၁၂၀၀၀ | ၇၈၀၀ | | ၁၈၀၀ | ၄၀၀၀ | ၅၀၀၀ | | ၁၅၀၀ | ၇၀၀ | ၇၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ | ၂၈၇၀၀၀၀ |

မှတ်ချက်။ (၁) ဧည့်မထဆန် တစ်ပြည်လျှင် ကျိုင်းတုံတွင် ကျပ် ၁၅၀၊ ရန်ကုန်တွင် ကျပ် ၁၀၀၊ ငစိန်ဆန် တစ်ပြည်လျှင် ရန်ကုန်တွင် ကျပ် ၁၀၀၊ စားအုန်းဆီ တစ်ပိဿာလျှင် တောင်ကြီးနှင့် ပဲခူးတွင် ကျပ် ၁၀၀၊ ဘားအံတွင် ကျပ် ၂၀၀၊ ကြက်သွန်ဖြူ(ရှမ်းစ) မြိတ်တွင် ကျပ် ၃၀၀၊ ပဲခူးတွင် ကျပ် ၅၀၀၊ (ကြူကုတ်စ) တစ်ပိဿာလျှင် ဘားအံတွင် ကျပ် ၁၀၀၊ မြေပဲဆန် တစ်ပိဿာလျှင် မြိတ်တွင် ကျပ် ၂၀၀၊ ကြက်သား တစ်ပိဿာလျှင် ပခုက္ကူတွင် ကျပ် ၁၀၀၀၊ ဝက်သား တစ်ပိဿာလျှင် ကျိုင်းတုံနှင့် ပခုက္ကူတွင် ကျပ် ၁၀၀၀ ဈေးတက်ခဲ့ပါသည်။

(၂) ငစိန်ဆန် တစ်ပြည်လျှင် မန္တလေးတွင် ကျပ် ၁၅၀၊ စားအုန်းဆီ တစ်ပိဿာလျှင် မုံရွာနှင့် ကလေးတွင် ကျပ် ၁၀၀၊ ငရုတ်ခြောက် တစ်ပိဿာလျှင် ဘားအံတွင် ကျပ် ၁၅၀၀၊ ပခုက္ကူတွင် ကျပ် ၁၀၀၀၊ ကြက်သွန်နီ တစ်ပိဿာလျှင် ရန်ကုန်တွင် ကျပ် ၂၀၀၊ ပခုက္ကူတွင် ကျပ် ၃၀၀၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် ဘားအံတွင် ကျပ် ၅၀၀၊ မန်ကျည်းသီး တစ်ပိဿာလျှင် ဘားအံတွင် ကျပ် ၁၀၀ ဈေးကျခဲ့ပါသည်။

## ဂရိနိုင်ငံအလယ်ပိုင်း၌ ရထားနှစ်စင်းတိုက်မှု သေဆုံးသူ ၃၆ ဦးရှိလာ

**အေသင် မတ် ၁**

ဂရိနိုင်ငံအလယ်ပိုင်းတွင် ဖေဖော်ဝါရီ ၂၈ ရက် နှောင်းပိုင်း၌ ရထားနှစ်စင်းတိုက်မိမှုမှ သေဆုံးသူပေါင်း ၃၆ ဦးအထိ မြင့်တက်လာကာ ပြင်းထန်သောအခြေအနေတွင်ရှိပြီး အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှု ခံယူနေရသူ ခြောက်ဦး အပါအဝင် ထိခိုက်ဒဏ်ရာရရှိသူ ၆၆ ဦးမှာ ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိကြောင်း ဂရိမီးသတ်ဌာနက မတ် ၁ ရက်တွင် ပြောသည်။

လူစီးရထားနှင့် ကုန်တင်ရထားတို့ တိုက်မှုဖြစ်ပွားခြင်းဖြစ်ပြီး လူစီးရထားမှာ အေသင်မြို့မှ သက်ဆိုလိုနီကီမြို့သို့ ပြေးဆွဲလာခြင်းဖြစ်ကာ ဂရိနိုင်ငံ၏ စတုတ္ထအကြီးဆုံးမြို့ဖြစ်သည့် ဆာရစ်ဆာမြို့အနီးရှိ အီဗန်ဂျလစ်မို့စ်ဒေသ အရောက်၌ ကုန်တင်ရထားနှင့် တိုက်မိခြင်းဖြစ်သည်ဟု နိုင်ငံ၏ အမျိုးသားသတင်းအေဂျင်စီ အေအမ်အင်န်အေတွင် ဖော်ပြထားသည်။ ရထားတိုက်မှုဖြစ်ပွားရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးရန် စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း ဂရိရဲတပ်ဖွဲ့က ပြောသည်။

ရထားနှစ်စင်း တိုက်မိပြီးနောက် တွဲအများအပြား လမ်းချော်ကာ တွဲသုံးစင်းမှာ မီးလောင်ခဲ့သည်။ ကယ်ဆယ်ရေးဝန်ထမ်းများ အခင်းဖြစ်ပွားရာနေရာသို့ရောက်ရှိလာပြီး ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ခဲ့သည်။ ထို့ပြင် အဆိုပါဒေသရှိ ဆေးရုံများကို လူနာများ ရောက်လာနိုင်မှုအတွက် ကြိုတင်ပြင်ဆင်ထားကြရန် သတိပေးခဲ့သည်။ လူစီးရထားပေါ်တွင် လူပေါင်း ၃၅၀ နီးပါး လိုက်ပါလာကြောင်း မီဒီယာများ၏ ဖော်ပြချက်အရ သိရသည်။

**ဆင်ဟွာ**


ရထားတိုက်ပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။




## ဖေဖော်ဝါရီလတွင် သီရိလင်္ကာနိုင်ငံသို့ ခရီးသွားဝင်ရောက်မှု မြင့်တက်လာ

**ကိုလံဘို မတ် ၁**

သီရိလင်္ကာနိုင်ငံသို့ ခရီးသွားဝင်ရောက်မှုသည် ပြီးခဲ့သည့်နှစ်က အလားတူကာလနှင့် နှိုင်းယှဉ်ကြည့်ပါက ယခုနှစ် ဖေဖော်ဝါရီလတွင် ၁၁ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်လာသည့်အတွက် ယခုနှစ်အတွင်း နိုင်ငံအတွင်းသို့ ခရီးသွား ဝင်ရောက်မှု မျှော်မှန်းချက်ပြည့်မီရန် အားကောင်းလာပြီဖြစ်ကြောင်း နောက်ဆုံး ကိန်းဂဏန်းအချက်အလက်အရ သိရသည်။

သီရိလင်္ကာခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အာဏာပိုင်အဖွဲ့ (အက်စ်အယ်တီဒီအေ) က ထုတ်ပြန်သော နောက်ဆုံးကိန်းဂဏန်း အချက်အလက်အရ ဖေဖော်ဝါရီလတွင် ခရီးသွားဝင်ရောက်မှု ၁၀၇၆၃၉ ဦးရှိပြီး ယခင်လက ခရီးသွားဝင်ရောက်မှု ၁၀၂၅၄၅ ဦးမှ မြင့်တက်လာခြင်းဖြစ်ကြောင်း သိရသည်။ ခရီးသွားကဏ္ဍသည် မတ် ၁ ရက်မှစတင်ကာ တရုတ်နိုင်ငံမှ ခရီးသွားများ ဝင်ရောက်မှု အားကောင်းလာမည်ဟု မျှော်မှန်းထားကြောင်း အက်စ်အယ်တီဒီအေ ဥက္ကဋ္ဌဖြစ်သူ ပရိယန်သာ ဖာနန်ဒိုက ပြောသည်။

သီရိလင်္ကာ လေကြောင်းလိုင်းများသည် ဧပြီလမှစတင်ကာ တရုတ်နိုင်ငံရှိ ဦးတည်နေရာများသို့ တစ်ပတ်လျှင် ကိုးကြိမ်ပျံသန်းပြေးဆွဲသွားမည်ဖြစ်ကြောင်းနှင့် ထိုကဲ့သို့ ပျံသန်းပြေးဆွဲခြင်းက နှစ်နိုင်ငံကြား ခရီးသွားလာမှုကို လွယ်ကူ ချောမွေ့စေမည်ဖြစ်ကြောင်း ဖာနန်ဒိုက ပြောသည်။ သီရိလင်္ကာနိုင်ငံ၏ ထိပ်တန်းနိုင်ငံခြားငွေ ရှာဖွေမှုများထဲမှ တစ်ခုဖြစ်သော ခရီးသွားလုပ်ငန်းသည် ကိုဗစ်-၁၉ ကပ်ရောဂါ၊ စီးပွားရေးနှင့် နိုင်ငံရေးအကျပ်အတည်းများကြောင့် ဆုတ်ယုတ်မှုများနှင့် ကြုံတွေ့ခဲ့ရကြောင်း သိရသည်။

သီရိလင်္ကာနိုင်ငံသည် နိုင်ငံတွင်းသို့ ခရီးသွားဝင်ရောက်မှု ၂၀၂၃ ခုနှစ်တွင် ၁ ဒသမ ၅ သန်းနှင့် ၂၀၂၄ ခုနှစ်တွင် ၃ သန်း ဝင်ရောက်ရန် မျှော်မှန်းထားသည်။

**ဆင်ဟွာ**

## ကာလဝမ်းရောဂါ တိုက်ဖျက်ရေးအတွက် ဇမ်ဘီယာနိုင်ငံသို့ အမေရိကန်ဒေါ်လာ ၂၈၅၀၀၀ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ပေးအပ်

**လူဆာကာ မတ် ၁**

ဇမ်ဘီယာနိုင်ငံတွင် ကာလဝမ်းရောဂါတိုက်ဖျက်ရေးလုပ်ငန်းများ လုပ်ဆောင်ရန်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက အမေရိကန်ဒေါ်လာ ၂၈၅၀၀၀ ပေးအပ်ခဲ့သည်ဟု ဖေဖော်ဝါရီ ၂၈ ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါ ရန်ပုံငွေများဖြင့် လူ့အသက်များ ကယ်တင်နိုင်မည်ဖြစ်ပြီး ရောဂါ ဖြစ်ပွားမှုတွင် ကျန်းမာရေးဆိုင်ရာ လုပ်ဆောင်မှုများကို ဆက်လက်လုပ်သွားနိုင်မည် ဖြစ်သည်။ ကာလဝမ်းရောဂါ ဖြစ်ပွားမှုမှာ စိုးရိမ်ရသည့်အရာ ဖြစ်ကြောင်း၊ ဇမ်ဘီယာနိုင်ငံတွင် ကာကွယ်ရေး လုပ်ငန်းများ လုပ်ဆောင်ရန်အတွက် မှန်ကန်သည့် ကိရိယာများရှိကြောင်း ဇမ်ဘီယာနိုင်ငံဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ကိုယ်စားလှယ် နာသန်ဘတ်က် ရိတ်တာက ပြောသည်။

ယခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ဇမ်ဘီယာနိုင်ငံ အရှေ့ပိုင်း ဘာဗွီခရိုင်၌ ကာလဝမ်းရောဂါ ဖြစ်ပွားနေကြောင်း ကြေညာခဲ့သည်။ ထို့နောက် ခရိုင်ငါးခုသို့ ပျံ့နှံ့ခဲ့ပြီး လူပေါင်း ၁၉၁ ဦး ကူးစက်ခံရကာ လေးဦး သေဆုံးခဲ့သည်ဟု သိရသည်။

**ဆင်ဟွာ**

## ကပ်ရောဂါစတင်ဖြစ်ပွားသည့်အချိန်မှစတင်ကာ အမေရိကန်တွင် ကိုဗစ်-၁၉ ကူးစက်ခံရသည့် ကလေးပေါင်း ၁၅ ဒသမ ၅ သန်း နီးပါးရှိ

**လော့စ်အိန်ဂျလိစ် မတ် ၁**

ကပ်ရောဂါ စတင်ဖြစ်ပွားသည့်အချိန်မှစတင်ကာ အမေရိကန်တွင် ကိုဗစ်-၁၉ ကူးစက်ခံရသည့် ကလေးပေါင်း ၁၅ ဒသမ ၅ သန်း နီးပါးရှိသည်ဟု အမေရိကန်ကလေးအထူးကုဆရာဝန်များအသင်းနှင့် ကလေးဆေးရုံများအဖွဲ့အစည်း၏ နောက်ဆုံးထုတ်ပြန်ချက်များအရ သိရသည်။

အဆိုပါအရေအတွက်တွင် ပြီးခဲ့သည့်သီတင်းပတ်အတွင်း ကူးစက်ခံရသည့် ကလေးအရေအတွက် ၁၂၁၀၀၀ ကိုပါ ထည့်ပေါင်းထားခြင်းဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။ ပြီးခဲ့သည့် ငါးလအတွင်း အမေရိကန်ပြည်ထောင်စုတွင် ကိုဗစ်-၁၉ ကူးစက်ခံရသည့် ကလေးအရေအတွက်မှာ ပျမ်းမျှအားဖြင့် ၃၂၀၀၀ ရှိခဲ့သည်။ ကလေးများကြား ကိုဗစ်-၁၉ ကူးစက်မှုမှာ များပြားသည့် အရေအတွက်ဖြစ်ကြောင်း အဆိုပါ အစီရင်ခံစာတွင် ဖော်ပြထားသည်။

မျိုးကွဲအသစ်များနှင့် ပတ်သက်၍ ရောဂါလက္ခဏာပြင်းထန်မှု၊ ရေရှည်သက်ရောက်မှုများကို သိရှိနိုင်ရန်အတွက် အသက်အရွယ်အလိုက် ဒေတာအချက်အလက်များ စုစည်းရန် လိုအပ်သေးသည်ဟု အစီရင်ခံစာတွင်တွေ့ရှိရသည်။ ကလေးများ၏ ကျန်းမာရေးအပေါ် ကပ်ရောဂါ၏ သက်ရောက်မှုကို အသိအမှတ်ပြုရန် အရေးကြီးသော်လည်း ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် လူနေမှုဘဝအပေါ် ရေရှည်သက်ရောက်မှုများကိုလည်း ဖော်ထုတ်ဖြေရှင်းရန် လိုအပ်ကြောင်း အမေရိကန်ကလေး အထူးကုဆရာဝန်များအသင်းက ပြောသည်။

**ဆင်ဟွာ**

## ဂျီ-၂၀ အဖွဲ့ဝင် နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတက်ရောက်ရန် နယူးဒေလီသို့ ရောက်ရှိ

**နယူးဒေလီ မတ် ၁**

ဂျီ-၂၀ အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများသည် မတ် ၁ ရက်နှောင်းပိုင်းတွင် ကျင်းပသည့် နှစ်ရက်ကြာ အစည်းအဝေးတက်ရောက်ရန် နယူးဒေလီသို့ ရောက်ရှိခဲ့ကြသည်။

အဆိုပါ အစည်းအဝေးသို့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီ ဘလင်ကန်၊ ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ရော့ဗ်နှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီး ချင်ဂန်တို့တက်ရောက်ခဲ့ကြသည်။ ထိပ်တန်း သံတမန်များသည် စွမ်းအင်နှင့် အစားအသောက်ဈေးနှုန်းမြင့်တက်လာသည့် ကိစ္စရပ်များကို မည်သို့ကိုင်တွယ်ဖြေရှင်းသွားမလဲဆိုသည့်အပေါ် ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေး မစတင်မီ ဖေဖော်ဝါရီ ၂၈ ရက်ကတည်းက လက်ရော့ဗ်သည် အိန္ဒိယနိုင်ငံမြို့တော်နယူးဒေလီသို့ ရောက်ရှိခဲ့ပြီး အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး အပါအဝင် တခြားတာဝန်ရှိသူများနှင့် နှစ်နိုင်ငံဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။ အိန္ဒိယနိုင်ငံသည် ယခုအစည်းအဝေးတွင် အဓိကခေါင်းဆောင်ပိုင်းကို တာဝန်ယူထားသည်။ အရေးကြီးသည့် ဆွေးနွေးမှုများကို မတ် ၂ ရက်တွင် ကျင်းပသွားမည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**



အိန္ဒိယနိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပသည့် ဂျီ-၂၀ အစည်းအဝေးဆိုင်းဘုတ်ကို တွေ့ရစဉ်။

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ခုနစ်ဦး တွေ့ရှိ

## ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀.၁၈ ရာခိုင်နှုန်းရှိ

**(၁-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်းပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၈-၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၈၀၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၇) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၈) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၀၅၇,၁၅၉) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၉၂၅) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၄၀၀) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် COVID -19 ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂၈-၂-၂၀၂၃) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၉၅၆,၃၅၆) ဦးနှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၆,၈၃၄,၁၅၄) ဦးတို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု**
**(၂၈-၂-၂၀၂၃ ရက်နေ့အထိ)**

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၉၅၆,၃၅၆ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၈၃၄,၁၅၄ |

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် –

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂-၃-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၃၅ | ၂၁၈၅ | ၂၁၇၅ | ၂၁၄၅ | ၂၁၈၀ | ၂၂၀၅ | ၂၁၉၀ | ၂၁၇၀ | ၂၂၆၅ | ၂၂၈၀ | ၂၁၇၅ | ၂၁၈၅ | ၂၂၂၀ | ၂၂၂၀ | ၂၂၂၅ | ၂၄၅၀ | ၂၈၁၀ |
| 95 Ron | ၂၂၂၀ | ၂၂၆၅ | ၂၂၆၅ | ၂၂၂၅ | ၂၂၆၅ | ၂၂၉၀ | ၂၂၇၅ | ၂၂၅၀ | ၂၃၅၀ | ၂၃၆၅ | ၂၂၅၅ | ၂၂၇၅ | ၂၃၀၅ | ၂၃၀၅ | ၂၃၀၅ | ၂၅၃၅ | ၂၈၈၅ |
| HSD (500 ppm) | ၂၂၂၅ | ၂၂၇၅ | ၂၂၇၀ | ၂၂၃၅ | ၂၂၇၀ | ၂၂၉၅ | ၂၂၉၀ | ၂၂၆၀ | ၂၃၈၀ | ၂၃၇၅ | ၂၂၆၅ | ၂၂၇၅ | ၂၃၁၀ | ၂၃၁၀ | ၂၃၁၅ | ၂၅၄၅ | ၃၁၆၀ |
| HSD (50 ppm) | ၂၃၀၅ | ၂၃၅၅ | ၂၃၅၀ | ၂၃၁၅ | ၂၃၅၀ | ၂၃၇၅ | ၂၃၇၀ | ၂၃၄၀ | ၂၄၆၀ | ၂၄၅၅ | ၂၃၄၅ | ၂၃၅၅ | ၂၃၉၀ | ၂၃၉၀ | ၂၃၉၅ | ၂၆၂၅ | ၃၁၉၀ |
| HSD (10 ppm) | ၂၃၀၅ | ၂၃၅၅ | ၂၃၅၀ | ၂၃၁၅ | ၂၃၅၀ | ၂၃၇၅ | ၂၃၇၀ | ၂၃၄၀ | ၂၄၆၀ | ၂၄၅၅ | ၂၃၄၅ | ၂၃၅၅ | ၂၃၉၀ | ၂၃၉၀ | ၂၃၉၅ | ၂၆၂၅ | ၃၁၉၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၂၆ | ၂၁၀၀ |
| 95 Ron | ၂၁၀၆ | ၂၁၈၂ |
| HSD (500 ppm) | ၂၁၀၇ | ၂၁၈၉ |
| HSD (50 ppm) | ၂၁၉၁ | ၂၂၆၄ |
| HSD (10 ppm) | ၂၁၉၁ | ၂၂၆၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိတ်ဆွေပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၈၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## Online မှ လောင်းကစားခြင်း၊ ကံစမ်းမဲဖောက်ခြင်း၊ ငွေချေးခြင်းပြုလုပ်၍ ငွေကြေးလိမ်လည်ခံရမှု မဖြစ်စေရေး ပြည်သူသို့ အသိပေးထုတ်ပြန်

**နေပြည်တော် မတ် ၁**

နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ Online မှတစ်ဆင့် လိမ်လည်မှု ကျူးလွန်ခြင်း၊ လောင်းကစားခြင်းကို ဇန်းပြု၍ ငွေကြေးလိမ်လည်မှု ကျူးလွန်ခြင်းများကြောင့် ပြည်သူများအနေဖြင့် ငွေကြေးနစ်နာဆုံးရှုံးမှု ဖြစ်ပေါ်လျက်ရှိသည်။

ထိုသို့ Online အသုံးပြု၍ လောင်းကစားလုပ်ငန်း၊ ကံစမ်းမဲဖောက်လုပ်ငန်း၊ တရားမဝင် ချေးငွေလုပ်ငန်း လုပ်ကိုင်သူများကို မြန်မာနိုင်ငံ ရဲတပ်ဖွဲ့က စုံစမ်းဖော်ထုတ် ဆောင်ရွက်ခဲ့ရာ TTbet Online Game လုပ်ငန်း၊ Golden Gift Online ကံစမ်းမဲဖောက်လုပ်ငန်း၊ Money Bag Application ၊ Cash Now Application ၊ Cola Kyat Application နှင့် U Loan Application တို့အား အသုံးပြုပြီး တရားမဝင် ချေးငွေလုပ်ငန်း လုပ်ကိုင်နေကြသည့် ပြစ်မှုကျူးလွန်သူ ၇၁ ဦးကို ဖော်ထုတ်ဖမ်းဆီး အရေးယူခဲ့ ရသည်။

ပြစ်မှုကျူးလွန်သူများသည် နိုင်ငံသားစိစစ်ရေးကတ်များကို တစ်ကတ်လျှင် ကျပ်တစ်သောင်းဖြင့် ငှားရမ်းပြီး Online လောင်းကစားလုပ်ငန်းများ၊ Online လိမ်လည်မှုများ၊ တရားမဝင် ချေးငွေလုပ်ငန်းများတွင် အသုံးပြုရန် Bank Account များ ဖွင့်လှစ်၍ လုပ်ကိုင်ကြောင်း တွေ့ရှိရသဖြင့် နိုင်ငံသားစိစစ်ရေးကတ် ငှားရမ်းသူများ အနေဖြင့်လည်း ဥပဒေအရ အရေးယူခံရနိုင်သည်။

သို့ဖြစ်၍ Online အသုံးပြုပြီး လောင်းကစားခြင်း၊ ကံစမ်းမဲဖောက်ခြင်း၊ ချေးငွေလုပ်ငန်း လုပ်ကိုင်ခြင်းများတွင် ပါဝင်လုပ်ကိုင်ပါက တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုကျူးလွန်ရာမှ ရရှိသော ငွေကြေးနှင့် အကျိုးအမြတ်များကိုလည်း ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေအရ စိစစ်ပြီး အရေးယူခံရမည်ဖြစ်သဖြင့် ယင်းလုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်ခြင်း မပြုလုပ်ကြရန် အသိပေးထုတ်ပြန်ထားကြောင်း သိရသည်။

သတင်းစဉ်

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မတ် ၁**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာ အဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်နေ စန်းစန်းအေးသည် ၎င်းအသုံးပြုသည့် “San San Aye” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် ဆင်မင်းရပ်ကွက်နေ လှနှင်းနွယ်သည် ၎င်းအသုံးပြုသည့် “Hla Hinn Nwe” Facebook အကောင့်၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် အမှတ်(၂၂)ရပ်ကွက်နေ ခင်မျိုးသူ သည် ၎င်းအသုံးပြုသည့် “Myo Myo” Facebook အကောင့်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် အမှတ် (၃) ရပ်ကွက်နေ ခင်ချိုထွေးသည် ၎င်းအသုံးပြုသည့် “Khin Cho Htwe”Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## အမျိုးသမီးတစ်ဦးကို တရုတ်အမျိုးသားထံရောင်းစား၍ ငွေကြေးအကျိုးအမြတ်ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် မတ် ၁**

အမျိုးသမီးတစ်ဦးကို တရုတ်အမျိုးသားထံ ရောင်းစား၍ ငွေကြေး အကျိုးအမြတ် ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီ ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်နေ ဒေါ်အေးအေးလွင်၊ လိပ်စာတူ နိုင်လင်းအောင် (ခ) ပွကြီးနှင့် ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်နေ မခိုင်သဇင်မိုး (ခ) မပိုးဥတို့က ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်နေ မ ---၊ ၂၁/၂၀၂၀ နှစ်အား တရုတ်ပြည်၌ အလုပ်ရမည်၊ လစာကောင်းမည်ဟု လိမ်လည်ပြောဆိုစည်းရုံးကာ တရုတ်အမျိုးသားထံ ရောင်းစား၍ ငွေကြေး အကျိုးအမြတ် ရယူခဲ့သဖြင့် ရွှေပြည်သာမြို့မရဲစခန်း (ပ) ၃၁၆၆/၂၀၂၀၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ ပုဒ်မ ၂၄/၃၂ ဖြင့် အမှုရေးဖွင့်၍ မင်္ဂလာဒုံ ခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဖေဖော်ဝါရီ ၂၇ ရက်တွင် တရားခံ ဒေါ်အေးအေးလွင်၊ မခိုင်သဇင်မိုး (ခ) မပိုးဥနှင့် နိုင်လင်းအောင် (ခ) ပွကြီးတို့အား လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ ဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီ ကျခံစေရန် အမိန့် ချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## NUG လက်အောက်ခံ FOEIM Online ပညာရေးစနစ်အပေါ် ဖော်ထုတ်တွေ့ရှိချက်များကို အများပြည်သူသိရှိစေရန် အသိပေးကြေညာခြင်း

အကြမ်းဖက် NUG လက်အောက်ခံ Free Online Education Institution Myanmar (FOEIM) Online ပညာရေး စာသင်ကျောင်းတွင် နှစ်စဉ် ကျောင်းဝင်ကြေးအဖြစ် မူ/လယ်/ထက် ၁ ဦးလျှင် ထိုင်းဘတ်ငွေ ၁၀၀၀/ ၂၀၀၀/ ၃၀၀၀ ကောက်ခံခဲ့ပြီး ကျောင်းသား/သူ နှစ်သောင်းခန့် ကျောင်းအပ်နှံခဲ့ကြောင်းနှင့် NUG အသိအမှတ်ပြုကျောင်း ၆၂ ခု ခွင့်ပြုထားသည်ဟု ထုတ်ပြန်ကြေညာထားသော်လည်း ကျောင်း ၃ ခုခန့်သာ ဖွင့်လှစ်သင်ကြားသည့် အထောက်အထားများ ဖော်ထုတ်တွေ့ရှိရပါသည်။ အဆိုပါ Online စာသင်ကျောင်းများ၏ ထောက်ခံချက်ဖြင့်လည်း တက္ကသိုလ်၊ ကောလိပ် ကျောင်းများတွင် ဝင်ခွင့်ဖြေဆိုတက်ရောက်နိုင်မှုမရှိဘဲ အချိန်ကုန် ငွေကုန်မည့်အပြင် အကြမ်းဖက်အဖွဲ့အစည်းမှ တည်ထောင်ဖွင့်လှစ်ထားသည့် FOEIM ကဲ့သို့ Online စာသင်ကျောင်းများတွင် ကလေးများအား ကျောင်းအပ်နှံပါက ငွေကြေးလိမ်လည်မှုကြောင့် ငွေကြေးဆုံးရှုံးသည်သာမက အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရပါ အရေးယူခံရမည်ဖြစ်သည်။

မိဘပြည်သူများအနေဖြင့် သိရှိရန်မှာ FOEIM သည် အကြမ်းဖက်အားပေးထောက်ခံသည့် Online စာသင်ကျောင်းဖြစ်သည့်အပြင် နိုင်ငံတကာအသိအမှတ်ပြု အထောက်အထားများ ခိုင်လုံစွာပြသနိုင်မှုမရှိခြင်း၊ ကျောင်းအခြေပြုတည်နေရာ ပြသနိုင်မှုမရှိခြင်းနှင့် စနစ်တကျ ဖွဲ့စည်းအုပ်ချုပ်မှုမရှိခြင်းတို့အား ဖော်ထုတ်တွေ့ရှိရပါသည်။ NUG မှ ကျောင်းဝင်ငွေ၏ သုံးပုံတစ်ပုံအား ၎င်းတို့ထံ ပေးအပ်စေခဲ့ရာမှ FOEIM ကျောင်းသားလက်ခံရေး (ရုံးအဖွဲ့) အကြား သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်ခဲ့ပြီး ငွေကြေးသုံးစွဲမှုစာရင်း ချပြရှင်းလင်းနိုင်မှုမရှိဘဲ ငွေကြေးလိမ်လည်မှုဖြစ်ပေါ်ခဲ့ရာမှ ကျောင်းအပ်နှံသူများ၏ အမည်စာရင်း ပေါက်ကြားခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။ FOEIM Online စာသင်ကျောင်းမှ အချက်အလက်များ ပေါက်ကြားမှုမရှိစေရန် Facebook Page ၊ Website နှင့် Telegram တို့မှ အာမခံချက်များ ပေးခဲ့သော်လည်း ယုံကြည်စွာဖြင့် ကျောင်းအပ်နှံခဲ့သည့် ကျောင်းသား/သူ ၅၀၀ ၏ အမည်စာရင်းများ ပေါက်ကြားလာခဲ့သည်။

ထိုသို့ အမည်စာရင်းများ ပေါက်ကြားခြင်းကို အကြမ်းဖက် NUG ၏ Facebook Page မှ တာဝန်ယူဖြေရှင်းပေးမှု မရှိသည့်အပြင် ၎င်းတို့၏ သင်ကြားရေးနှင့် ကျောင်းသားလက်ခံရေး (ရုံးအဖွဲ့) တို့မှ ငွေကြေးလိမ်လည်သူ ၅ ဦး ဖော်ထုတ်ရရှိခဲ့သဖြင့် တရားဥပဒေအရ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ကျောင်းသားမိဘများအနေဖြင့် ပတ်ဝန်းကျင်အား မလွန်ဆန်နိုင်၍ဖြစ်စေ၊ မသိနားမလည်၍ဖြစ်စေ၊ ရည်ရွယ်ချက်ရှိရှိဖြင့်ဖြစ်စေ အကြမ်းဖက်အဖွဲ့အစည်းမှ တည်ထောင်ဖွင့်လှစ်ထားသည့် Online စာသင်ကျောင်းများတွင် ကျောင်းအပ်နှံပါက ငွေကြေးလိမ်လည်မှုကြောင့် ငွေကြေးဆုံးရှုံးသည်သာမက **အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ** အရပါ အရေးယူခံရမည်ဖြစ်ကြောင်းနှင့် အစိုးရစာသင်ကျောင်းများနှင့် အစိုးရအသိအမှတ်ပြု စာသင်ကျောင်းများတွင်သာ ကျောင်းအပ်နှံပညာသင်ကြားနိုင်ရေး အသိပေးထားကြောင်း သိရသည်။

# NUG လက်အောက်ခံ FOEIM Online ပညာရေးစနစ်အပေါ် ဖော်ထုတ်တွေ့ရှိချက်များကို အများပြည်သူသိရှိစေရန် အသိပေးကြေညာခြင်း

အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ကြေညာထားသော အမျိုးသားညီညွတ်ရေး အစိုးရ (NUG) သည် မြန်မာနိုင်ငံ၏ အလုံးစုံပျက်သုဉ်းရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စရပ်များအား အစဉ်တစိုက် လုပ်ဆောင်လျက်ရှိရာ နိုင်ငံတစ်ခု၏ အနာဂတ်ဖြစ်သော ပညာရေးကဏ္ဍပျက်စီးစေပြီး ၎င်းတို့အကျိုးအမြတ်ရရှိစေရန် ရည်ရွယ်၍ ပညာရေးဝန်ကြီးဌာနအား ဖွဲ့စည်းခဲ့။

→ အကြမ်းဖက်အဖွဲ့အစည်းမှ တည်ထောင်ဖွင့်လှစ်ထားသည့် Online စာသင်ကျောင်းများတွင် ကလေးများအား ကျောင်းအပ်နှံပါက ငွေကြေးလိမ်လည်မှုကြောင့် ငွေကြေးဆုံးရှုံးသည်သာမက အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ အရပါ အရေးယူခံရမည်။

NUG ၏ Ministry of Education (MOE) တွင် ဇော်ဝေစိုး၊ ဂျာထွယ်ပန်၊ စိုင်းခိုင်မျိုးထွန်း တို့က ဦးဆောင်ပြီး ကြားကာလပညာ သင်ကြားရေး အစီအစဉ်ဟု ခေါင်းစဉ်တပ်၍ Online စနစ်ဖြင့် သင်ကြားသည့် ကျောင်းများ ဖွင့်လှစ်ခဲ့။

→ NUG အသိအမှတ်ပြုကျောင်း ၆၂ ခု ဖွင့်လှစ်ထားသည်ဟု ထုတ်ပြန်ကြေညာထားသော်လည်း ၃ ခု ခန့်သာ ဖွင့်လှစ်သည့် အထောက်အထားများ တွေ့ရှိရ။





NUG နှင့် FOEIM ချိတ်ဆက်ဆောင်ရွက်မှု။

NUG လက်အောက်ခံ Online စနစ် ကျောင်း ၆၂ ခု ဖွင့်လှစ်ထားကြောင်း ကြေညာထား။

| | | |
|---|---|---|
| လက်အောက်ခံ Online စနစ် ကျောင်း ၆၂ ခု တို့မှ ကျောင်းအပ်နှံနိုင်ရန်အတွက် Google Application Form နှင့် Telegram တို့မှ ကျောင်းသား/သူများ လက်ခံ။ | ကျောင်းဝင်ကြေးအဖြစ် မူလတန်း ၁ ဦး လျှင် ထိုင်းဘတ်ငွေ ၁၀၀၀ ၊ အလယ်တန်း ၁ ဦးလျှင် ထိုင်းဘတ်ငွေ ၂၀၀၀ ၊ အထက်တန်း ၁ ဦး လျှင် ထိုင်းဘတ်ငွေ ၃၀၀၀ ကောက်ခံခဲ့။ | Facebook ၊ Youtube ၊ Telegram ၊ Website ၊ Zoom Application နှင့် Mobile Apk တို့ဖြင့် အခြေခံပညာသင်ရိုးများအား လွှင့်တင်ခြင်း၊ သင်ခန်းစာပို့ချခြင်းများ ဆောင်ရွက်လျက်ရှိ။ |



MOE(NUG)မှ FOEIM ဖြစ်စဉ်နှင့်ပတ်သက်၍ ထုတ်ပြန်ကြေညာချက်။



ကျောင်းအပ်နှံရန် နှင့် ကျောင်းဝင်ကြေး ပေးသွင်းရန် လှုံ့ဆော်မှု။

Free Online Educational Institution Myanmar (FOEIM)သည် အကြမ်းဖက်အဖွဲ့အစည်း NUG ၏ လက်အောက်ခံတစ်ခုဖြစ်ပြီး သင်ကြားရေးနှင့် ကျောင်းသားလက်ခံရေး(ရုံးအဖွဲ့) တို့အကြား သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်ခဲ့ပြီး ငွေကြေးသုံးစွဲမှုစာရင်း ချပြရှင်းလင်းနိုင်မှုမရှိဘဲ ငွေကြေး လိမ်လည်မှုဖြစ်ပေါ်ခဲ့ရာမှ ကျောင်းအပ်နှံခဲ့သူများ၏ စာရင်းများပေါက်ကြားခဲ့။



| ကျော်စွာထွန်း | ခန့်စည်သူ | မင်းညီ | ကောင်းထက်လွင် | ဆုဝေဝေနှင်း |
|---|---|---|---|---|





ကျောင်းများဖွင့်လှစ်သည်ဟု ပြည်သူလူထု ထင်မြင်စေရန် Facebook Page မှ မဟုတ်မမှန် လှုံ့ဆော်ဝါဒဖြန့်မှု။

NUG မှ တာဝန်ယူဖြေရှင်းပေးမည်ဟု ထုတ်ပြန်ထားသော်လည်း လေလိုင်းအစိုးရအနေဖြင့် ငွေကြေးရယူလိုမှုသာ အလေးထားပြီး ကျောင်းအပ်မိဘများအပေါ် လျစ်လျူရှုကာ ဘယ်သူသေသေ ငတေမာပြီးရော သဘောဖြင့် တိကျပြတ်သားသည့် ဖြေရှင်းချက်ထုတ်ပြန်နိုင်ခြင်း မရှိကြောင်းတွေ့ရှိရ။



FOEIM မှ ကျောင်းသား/သူ ၅၀၀ ဦး၏ အမည်စာရင်းပေါက်ကြားမှု။

## နိပါတ်တော်လာ ဇာတ်သဘင်မဟာအစီအစဉ်မှ "အပဏ္ဏက လှည်းသားငါးရာ" ဇာတ်တော်ကို မြန်မာ့ရုပ်မြင်သံကြား၌ ပြသမည်

**နေပြည်တော် မတ် ၁**

မိဘပြည်သူများ ဇာတ်သဘင်ဖျော်ဖြေတင်ဆက်မှုဖြင့် စိတ်အပန်းပြေစေရန်၊ လူငယ်လူရွယ်များ ဗုဒ္ဓဝင်ဇာတ်နိပါတ်တော်များအကြောင်း သိရှိနားလည်ပြီး အသိပညာဗဟုသုတရရှိနိုင်ရန်နှင့် သဘင်ပညာရှင်များ၏ အနုပညာစွမ်းရည်များ ဖော်ထုတ်ပြသနိုင်ရန် ရည်ရွယ်ချက်များဖြင့် "နိပါတ်တော်လာ ဇာတ်သဘင်မဟာအစီအစဉ်" ဆန်းသစ်တင်ဆက်မှုကို အောက်တိုဘာ ၂၂ ရက်မှစတင်၍ အပတ်စဉ် စနေနေ့ ညတိုင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ထုတ်လွှင့်ပြသလျက်ရှိသည်။

အဆိုပါ အစီအစဉ်မှ **"အပဏ္ဏက လှည်းသားငါးရာ"** ဇာတ်တော်ကို ပတ္တမြားကေခိုင် စီစဉ်ပြီး Art Director ဆန်းမင်း၏ အနုပညာဖန်တီးမှု၊ ရွှာစားဝါးခယ်မ စိန်မုန့်လုံး၏ တီးခတ်မှု၊ ဇံဟိန်း၊ ဖြိုးကျော်၊ ဆန်းနေအောင်၊ ပေါက်ကျော်၊ ချမ်းချမ်းမိုး၊ မစိမ်းစိမ်းနှင့်အတူ သဘင်အနုပညာရှင်များက ပါဝင်တင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့တင်ဆက်မှုကို မတ် ၄ ရက်(စနေနေ့) ည ၉ နာရီခန့်တွင် ပြသမည်ဖြစ်ပြီး မတ် ၈ ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၆ နာရီခွဲတွင်လည်း ပြန်လည်ပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## သုတဝေဖြာ သီရိဂေဟာမိသားစုပြိုင်ပွဲ အသိပညာမျှဝေမှု အစီအစဉ် လူ့ရှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်

**နေပြည်တော် မတ် ၁**

သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ်(၁၀၇)ကို မတ် ၃ ရက်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD Channel မှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ကိုဗစ်-၁၉ ဆိုင်ရာ အသိပညာမျှဝေမှုအစီအစဉ်ကို အစီအစဉ်တင်ဆက်သူ နေခွေးနှင့် ဖြူဖြူခိုင်တို့က တင်ဆက်ကြမည်ဖြစ်ပြီး လူ့ရှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို မတ် ၃၊ ၄ နှင့် ၅ ရက်နေ့တို့တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD မှ ည ၇ နာရီခန့်တွင် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**




## "ပြည်ချစ်သားမွန် တေးသဝဏ်" တေးဂီတဖျော်ဖြေပွဲကို မြန်မာ့ရုပ်မြင်သံကြား၌ ပြသမည်

**နေပြည်တော် မတ် ၁**

ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဖျော်ဖြေရေး အစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ Friday Night Live Show အစီအစဉ်ဆန်းသစ်မှုအဖြစ် ၂၀၂၃ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် ရောက်ရှိမည့် (၇၈) နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် **"ပြည်ချစ်သားမွန် တေးသဝဏ်"** တေးဂီတဖျော်ဖြေပွဲ အစီအစဉ်ကို ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်မှ မတ် ၂၄ ရက်အထိ ပွဲစဉ်ငါးခုဖြင့် အပတ်စဉ် (သောကြာနေ့) ည ၈ နာရီ သတင်းများအပြီးတွင် MRTV–HD Channel မှ ထုတ်လွှင့်ပြသလျက်ရှိသည်။

အဆိုပါအစီအစဉ်ကို **"မြန်မာ့အသံတေးဂီတ"**အဖွဲ့၏ တီးခတ်မှုနှင့်အတူ မူရင်းတေးသံရှင်များ၊ နာမည်ကျော်တေးသံရှင်များ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းအဆိုရှင်များနှင့် တူယှဉ်နွှဲပျော်ဂီတပွဲတော်များမှ တေးသံရှင်များ ပါဝင်သီဆိုလျက်ရှိရာ မတ် ၃ ရက်တွင် တင်ဆက်မည့် ပွဲစဉ်(၂)တွင် ကေတုဝင်းထွဋ်၊ စိုးအောင်(ကောင်းကင်ပြာ)၊ စျာန်ထူး၊ စောဒယ်နီရယ်၊ လင်းဘုန်းကျော်၊ မြင့်မိုရ်သွန်းခ၊ ရေဂျီးနား၊ ချိုသဲဦး၊ နန်းခိုင်သစ္စာနှင့် ဖူးဧကရီဆောင်းတို့ ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်ကြောင်းနှင့် ထိုသို့တင်ဆက်မှုကို မတ် ၅ ရက် (တနင်္ဂနွေနေ့)နံနက် ၁၀နာရီခွဲတွင် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရုပ်သံအစီအစဉ် ထုတ်လွှင့်ခြင်းနှင့် ကျင့်ဝတ်ဆိုင်ရာသင်တန်းသို့ MRTV မှ ဝန်ထမ်းများ Online ဖြင့် တက်ရောက်

**နေပြည်တော် မတ် ၁**

ABU Media Academy မှ စီစဉ်ပြုလုပ်သည့် ရုပ်သံအစီအစဉ် ထုတ်လွှင့်ခြင်းနှင့် ကျင့်ဝတ်ဆိုင်ရာသင်တန်း (Broadcasting Progra–mming and Ethics Course) ကို ယနေ့မွန်းလွဲပိုင်းက Online ဖြင့် ကျင်းပရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများ တက်ရောက်ကြသည်။



ဆွေးနွေးပွဲတွင် Broadcasting Ethics & Program Improvement Organization မှ International Affairs Officer Mr.Jun Ogawa က ဂျပန်နိုင်ငံ BPO ၏ မှတ်တမ်းရုပ်ရှင်ထုတ်လုပ်မှုနှင့် လူငယ်ကာကွယ်မှုဆိုင်ရာကိစ္စများနှင့်စပ်လျဉ်း၍ မကြာမီက ထုတ်ပြန်ခဲ့သည့် ဆုံးဖြတ်ချက်များ၊ စိန်ခေါ်မှုများစွာရှိနေသော မီဒီယာပတ်ဝန်းကျင်တွင် ယှဉ်ပြိုင်မှုများ ဆက်လက်ရှိနေရန်၊ ရုပ်သံလွှင့်သူများအတွက် အဓိကသော့ချက်ဖြစ်သော နှစ်ပေါင်းများစွာ အောင်မြင်ခဲ့သည့် ယုံကြည်မှုကို ဆက်လက်ထိန်းထားရန် (သို့မဟုတ်) ပြန်လည်ရရှိရန်၊ ရုပ်သံထုတ်လွှင့်သူများ၏ ကျင့်ဝတ်စံနှုန်းများ မြှင့်တင်နိုင်ရန်တို့ကို ဥပမာများဖြင့် ဆွေးနွေးမျှဝေသည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV) သည် Asia–Pacific Broadcasting Union (ABU)သို့ နိုင်ငံကိုယ်စားပြု၍ ၂၀၁၀ ပြည့်နှစ်မှစ၍ Full Mem–ber အဖြစ် ဝင်ရောက်ခဲ့ကြောင်း၊ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ပြီးနောက် ABU မှ Webinar မှ တစ်ဆင့် သတင်းနှင့်အစီအစဉ်များကို Online သင်တန်းများဖြင့် ပြုလုပ်ပေးလျက်ရှိရာ MRTV မှ စိတ်ပါဝင်စားပြီး လုပ်ငန်းခွင်တွင် လက်တွေ့လုပ်ဆောင်နေကြသည့် ဝန်ထမ်းများအနေဖြင့် တက်ရောက်လေ့လာသင်ယူလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁ - ၃ - ၂၀၂၃

| ရွှေ | | | |
|---|---|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား | ကျပ် | ၂၁၅၅၉၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား | ကျပ် | ၂၁၅၇၁၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ | အမေရိကန်ဒေါ်လာ | ၁၈၃၀ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ | အမေရိကန်ဒေါ်လာ | ၁၈၃၃ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၁၈၅ ကျပ် | ၂၂၃၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၂၆၅ ကျပ် | ၂၃၁၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၁၀၀ ကျပ် | ၂၁၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၁၇၅ ကျပ် | ၂၂၂၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

| နိုင်ငံတကာ ငွေကြေးများ | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၂၃၅ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၆၅ . ၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၆၀ . ၃၄၅ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၄၆ . ၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၆၉ . ၅၄ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၀၅ . ၄၉ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၄၅၈ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၄၀၀ | ၈၃၀၀ | ၆၁၀ | ၅၀၇၅၃၀၀ |
| MTSH | ၃၀၅၀ | ၃၀၅၀ | ၄၄၀၁ | ၁၃၄၁၈၀၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၇၀၀ | ၁၇၀၀ | ၉၂ | ၁၅၆၄၀၀ |
| TMH | ၂၆၀၀ | ၂၆၀၀ | ၆ | ၁၅၆၀၀ |
| EFR | ၂၆၀၀ | ၂၆၀၀ | ၈ | ၂၀၈၀၀ |
| AHP | ၄၉၀၀ | ၄၉၀၀ | ၁၃၉ | ၆၈၁၁၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဇော်ဝင်းထွန်း ၅/ယမပ(နိုင်)၁၃၆၆၁၉၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၂၁၄၄၁၀၂၁

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင် ဖြွေ ၅/မမန(နိုင်)၁၀၄၈၁၃၏ နိုင်ငံကူး လက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၈၈၉၄၇၁၅၀၈

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ (၁၅)ရပ်ကွက်၊ အောင်သပြေလမ်း၊ အမှတ်(၁၁၉၉) နေ ဦးသော်ဇင်ဦး[၇/သဝတ(နိုင်)၁၃၉၇၃၂] နှင့် ဒေါ်သိမ့်သိမ့်ဆွေ [၁၂/သခန(နိုင်)၁၂၅၂၇၇]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ (၃)ရပ်ကွက်၊ မင်းရဲကျော်စွာ (၇)လမ်း၊ အမှတ်(၂/၁၀၁)၊ ဦးသံချောင်း အမည်ပေါက် (၄၀x၆၀)ပေ ဂရန်မြေကွက်အနက်မှ (၁၅x၆၀)ပေ မြေကွက်အား ကျွန်ုပ်မိတ်ဆွေများက ဒေါ်နော်ထူးဖော [၁၂/အလန(နိုင်)၀၀၉၆၆၂] ထံမှ ဆက်စပ်စာချုပ်များဖြင့် အပြီးအပိုင် လက်ရောက်ဝယ်ယူခဲ့ပြီးဖြစ်ပါကြောင်းနှင့် ယင်းမြေကွက် (၁၅x ၆၀)ပေနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ကျွန်ုပ်၏မိတ်ဆွေများသာ ပိုင်ဆိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးရာဇာမင်း (LL.B, C.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၃၄၆)**
**တိုက်(၁၇၉)၊ ဗိုလ်ဗထူး(၁၁)လမ်း၊ (၂) ရပ်ကွက်၊**
**လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၀၄၈၁၈၁၉၊ ၀၉- ၆၈၁၄၅၄၂၃၁**

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာန အသား(ဝက်၊ အမဲ၊ ဆိတ်)ထုတ်လုပ်ရောင်းချခွင့်အား ဈေးခုံအများစနစ်ဖြင့် လျှောက်ထားနိုင်ကြောင်း ကြော်ငြာခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ၂၀၂၃-၂၀၂၄ ခု ဘဏ္ဍာရေးနှစ်၊ ၁-၄-၂၀၂၃ရက်မှ ၃၁-၃-၂၀၂၄ ရက်အထိ)အတွက် တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာနမှ ကြီးကြပ်ဆောင်ရွက်လျက်ရှိသော အသား(ဝက်၊ အမဲ၊ ဆိတ်) ထုတ်လုပ်ရောင်းချခွင့်အား ဈေးခုံများစနစ်ဖြင့် အောက်ဖော်ပြပါ ဈေးခုံနေရာ (၂)ခုအား ဒုတိယအကြိမ် ဈေးခုံအများစနစ်ဖြင့် လျှောက်ထား လုပ်ကိုင်ခွင့်ပြုမည်ဖြစ်ပါသည်-

| စဉ် | ဈေးခုံအမည် | အရေအတွက် |
|---|---|---|
| (က) | မြို့မဈေး(အမဲ)ဈေးခုံနေရာ | (၁) ခု |
| (ခ) | ကန်သာ/သစ်ပုတ်ပင်ဈေး(ဆိတ်)ဈေးခုံနေရာ | (၁)ခု |

၂။ အသား(ဝက်၊ အမဲ၊ ဆိတ်)ထုတ်လုပ်ရောင်းချခွင့်အား ဈေးခုံအများစနစ်ဖြင့် လုပ်ကိုင်လိုသူများသည် ၃-၃-၂၀၂၃ရက်မှစ၍ တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာနတွင် ရုံးချိန်အတွင်း ဈေးခုံလျှောက်လွှာနှင့်အတူ ဈေးခုံစည်းကမ်းချက်များ၊ ဈေးခုံနယ်မြေသတ်မှတ်ချက်များ အခမဲ့လာရောက်ထုတ်ယူနိုင်ပြီး ၉-၃-၂၀၂၃ရက် ၁၅:၃၀နာရီ နောက်ဆုံးထား၍ ပြန်လည်တင်ပြသွားရမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၃။ အသေးစိတ်စုံစမ်းသိရှိလိုပါက တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာနသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဈေးခုံများနေရာချထားမှုကြီးကြပ်ရေးအဖွဲ့**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**




## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5E/6678 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## ပျောက်ဆုံးကြောင်း

ကျွန်မ မဝါဝါရွှေ ၅/ခဥတ (နိုင်) ၁၁၆၇၀၈၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၅၃၇၆၈၁၆၉

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်စိုးမင်းအောင် ၅/ယမပ (နိုင်)၀၉၆၀၅၀၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၈၉၉၄၉၄၈၈

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 70W/98523 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ် ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)အင်းစိန်**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀) ကော့မှူးမြို့နယ်တရားရုံးတော်၌ ၂၀၂၂ခုနှစ်၊ တရားမကြီးမှုအမှတ်-၇၇

| | | |
|---|---|---|
| ဦးကျော်ရဲလင်း | နှင့် | ဒေါ်ခင်နန်းမျိုးကြည် |
| **တရားလို** | | **တရားပြိုင်** |

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်၊ သံသပွတ်ကျေးရွာနေ တရားပြိုင် ဒေါ်ခင်နန်းမျိုးကြည် (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးကျော်ရဲလင်းက လင်မယားကွာရှင်းပေးစေလိုမှုရလိုကြောင်း နှင့်လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ခုနှစ် မတ်လ ၂၄ရက် (၁၃၈၄ခုနှစ် တန်ခူးလဆန်း ၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန်ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့်သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူ ဆောင်လာရမည်။သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ခုနှစ် ဖေဖော်ဝါရီလ ၂၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အေးချမ်းကို)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ကော့မှူးမြို့နယ်တရားရုံး**

## ဖခင်အမည်မှန်

မင်းဘူး(စကု)မြို့နယ်၊ ခရကန် ကျေးရွာ အထက(ခွဲ) Grade-8မှ မောင်ပြည့်ဖြိုးဇော်၏ ဖခင် ဦးဇော်လတ်၏ အမည်မှန်မှာ ဦးတင်ဇော်လတ် ၈/မဘန(နိုင်) ၀၉၁၃၂၇ ဖြစ်ပါကြောင်း။

**ဦးတင်ဇော်လတ်**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၆)လမ်း၊ အမှတ်(၇၁)၊ အကျယ်အဝန်း (၁၂ ၁/၂ ပေ x ၅၀ပေ)ရှိ (၂)ခန်းတွဲ၊ (၆)ထပ် တိုက်၏ ငါးလွှာ၊ စတုတ္ထထပ်(ခြေရင်းခန်း)တိုက်ခန်းကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဝင့်ဝါဦး ၁၂/ဥကမ(နိုင်)၁၉၀၀၀၉ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက (၁-၃-၂၀၂၃)ရက်စွဲဖြင့် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော ပိုင်ဆိုင်မှုစာချုပ်စာတမ်း(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်မိုးမြတ်(LL.B,D.B.L) ဒေါ်စုမြတ်သဇင်(LL.B,LL.M) ဒေါ်မျိုးပပအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ**
**(စဉ်-၁၆၂၁၂/၁၉-၁၁-၂၀၁၉) (စဉ်-၁၅၆၀၁/၁၁-၇-၂၀၁၉) (စဉ်-၃၉၂၀၁/၂၅-၆-၂၀၁၂)**
**အမှတ်(၆၂)၊ (ပထမထပ်)၊ အခန်းအမှတ်(၄)၊ ပန်းဆိုးတန်းလမ်းနှင့် ကုန်သည်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၅၆၉၉၁၂၂၉၊ ၀၉-၄၂၀၀၈၄၉၉၂**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ ကွင်း/ အကွက်အမှတ်- RA-V/ ကွက်ပြင်၊ ဦးပိုင်အမှတ်-၃၃/ဃ-၃၊ မြေရိယာ (၀ဒသမ၀၂၄)ဧက+ဦးပိုင်အမှတ်-၃၃/ဏ-၂၊ မြေရိယာ (၀ဒသမ ၄၂၅)ဧက တစ်ဆက်စပ်တည်းရှိ မြေပြင်ရိယာ (၀ဒသမ ၆၆၅)ဧကရှိ မြေကွက်အား အမည်ပြောင်း မြေငှား ဂရန်ရရှိရန် ဦးယူဟွ ၁/မညန(ဧည့်)၀၀၀၀၂၃က ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက် အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက် ကြီး(၅)၊ ကွင်း/အကွက်အမှတ်-၃၆/ ပြည်တော်သာရပ်၊ ဦးပိုင်အမှတ်-၂၆၆၊ မြေရိယာ(၀ဒသမ၁၀၆)ဧကရှိ မြေကွက်အား ဂရန်အမည်ပြောင်း သက်တမ်းတိုးမြေငှားဂရန် ရရှိရန် (၁)ဦးသိန်းထွန်း ၉/မမန(နိုင်)၀၂၇၅၀၀၊ (၂) ဦးသန်းထွန်း ၉/မမန(နိုင်) ၀၂၅၀၉၆ တို့က ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက် အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာ န၊ ပြင်ဦးလွင်မြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3L/4173 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း) အင်းစိန်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4B/8814, Mitsubishi CanterFE437EV, Truck(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်မာလွင် ၁၃/နခတ(နိုင်)၀၄၈၅၅၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံးခွဲ (ရွာသာကြီး)ရန်ကုန်မြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4H/6862,3B/ 5509, 4H/1502,6I/7903 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန**
**(ရွာသာကြီး)**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြို့အမှတ် (၃၆၄)၊ မိုးမခလမ်း၊ (၄၆)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ၀ဒသမ၀၅၅ဧက၊ မြေအလျားxအနံပေ (၄၀x၆၀)အကျယ်ရှိ နှစ် ၆၀ ဂရန်မြေကွက်ထဲမှ တရားဝင်မခွဲမစိတ်ရသေးသော (ခေါင်းရင်းဘက်ခြမ်း) အလျားxအနံပေ (၂၀x၆၀)ရှိ အဆောက်အအုံ (၁)လုံးအား မူလအမည်ပေါက် ဒေါ်စမ်းစမ်း (TPN-095018) (၁၂/မဂတ(နိုင်) ၀၃၄၂၂၆ထံမှ အထူးကိုယ်စားလှယ်လွှဲစာနှင့် အရောင်းအဝယ်စာချုပ်စာတမ်းဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးမြတ်ခိုင် ၁၂/ဥကတ(နိုင်)၀၀၉၂၉၄ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဇာကြည်ထွန်း ၁/မကန(နိုင်)၁၀၆၂၁၉မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အက်စတာမြင့် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၇၁၁)**
**အမှတ်(၂၇၆)၊ ဘားလမ်းအထက်ဘလောက်၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၉၈၂၄၂၉၂၂**

## ဖခင်အမည်မှန်

မင်းဘူးခရိုင်၊ ငဖဲမြို့နယ်၊ ပဒါန်းကျေးရွာ၊ အခြေခံပညာ အထက်တန်းကျောင်း (G-8)တွင် ပညာသင်ကြားနေသော မဝင်းဝင်းသန်း၏ ဖခင်အမည်မှန်မှာ ဦးအုပ် ၈/ငဖန(နိုင်)၀၂၇၉၇၆ (လင်းတဲကျေးရွာ) ဖြစ်ပါကြောင်း။

**ဦးအုပ်**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက် ကြီး(၅)၊ ကွင်း/ အကွက်အမှတ်-RA-V/ ကွက်ပြင်၊ ဦးပိုင်အမှတ်-၃၃/ဏ-၁၊ မြေရိယာ (၀ဒသမ၀၅၅)ဧကရှိ မြေကွက်အား ဂရန်အမည်ပြောင်း၊ သက်တမ်းတိုး မြေငှားဂရန်ရရှိရန် ဦးယူ ဟွ ၁/မညန(ဧည့်) ၀၀၀၀၂၃က ဆက် လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများ ရှိပါက ပြင်ဦးလွင် ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက် အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာ န၊ ပြင်ဦးလွင်မြို့**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5I/6659, 5I/6661 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန**
**(ရွာသာကြီး)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2I/6735 ၏ ဖောင်းကြွ နံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန**
**(ရွာသာကြီး)**

## စေ့စပ်ကြောင်းလမ်းဖျက်သိမ်းခြင်း

ကျွန်မ-မမျိုးပပ ၁၂/သကတ(နိုင်)၁၄၇၆၁၇နှင့် မောင်အောင်မင်း ၁၂/ဒပန(နိုင်) ၀၄၁၉၈၅တို့သည် (၂၆-၁-၂၀၂၃)ရက်တွင် နှစ်ဖက်မိဘတို့၏သဘောတူညီချက်အရ စေ့စပ်ကြောင်းလမ်းခဲ့ကြရာ အဆိုပါစေ့စပ်ကြောင်းလမ်းခြင်းအား ကျွန်မ၏ သဘောဆန္ဒအလျောက် ဖျက်သိမ်းလိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**မမျိုးပပ**
**၁၂/သကတ(နိုင်)၁၄၇၆၁၇**

**ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**

**သစ်ပင်နည်းလာ တို့ကမ္ဘာ လွန်စွာပူအေး ဥတုဘေး**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်ထွန်း ၅/မရန(နိုင်)၂၂၇၃၁၆၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၈၄၉၂၉၇၆

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်မျိုးညီညီထွန်း ၅/ဘတလ(နိုင်)၁၀၀၀၈၃၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ) မှာပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၀၈၉၂၀၈

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက် (၁၂)၊ နယ်မြေ (၁၉)၊ အကွက်အမှတ် (မန်ဆူ တိုးချဲ့-၆)၊ ဦးပိုင်အမှတ် (၅၀၆)၊ ဧရိယာ ၀ဒသမ၀၉၆ဧက၊ အမှုတွဲ အမှတ် ၃၇၅-၅/၁၉၉၅-၁၉၉၆(စီ)၊ ဦးကျော်သန်း၊ အေတီ-၀၁၆၇၉၅ အမည်ပေါက် မြေကွက်အား ဦးကျော်သန်း၏ အထူးကိုယ်စားလှယ်လွှဲအပ် ခံရသူ ဒေါ်ခင်ထားကြည် ၁၃/လရန(နိုင်)၀၃၈၀၂၆မှ ဒေါ်သီတာအောင် ၁၃/လရန(နိုင်) ၁၃၁၅၁၂သို့ လားရှိုးမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ရောင်းချပြီးဖြစ်၍ ဒေါ်သီတာအောင် အမည်ဖြင့် အမည်ပြောင်း ထပ်မံ အသစ်မြေငှား ဂရန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါ သည့်ရက်မှ ရက်ပေါင်း ၂၀ အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါ ကြောင်း ကြေညာပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ လားရှိုးမြို့

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက် (၁၂)၊ နယ်မြေ (၁၈)၊ အကွက်အမှတ် (၄၆/မန်ဆူ ဘုရားကုန်း)၊ ဦးပိုင်အမှတ် (၁/ည)၊ ဧရိယာ ၀ဒသမ၀၉၈ဧက၊ အမှုတွဲ အမှတ် ၀၉၂-၅/၂၀၁၉-၂၀၂၀၊ ဒေါ်နန်းရွှေကြည် ၉/မရမ(နိုင်)၀၄၅၁၉၈ အမည်ပေါက် မြေကွက်အား ဒေါ်နန်းရွှေကြည် ကွယ်လွန်ပြီးနောက် သားသမီးများမှ အမွေဆက်ခံစာချုပ်ချုပ်ဆို၍ ကျန်သားသမီးများမှ ဒေါ်နန်းဝင့်ဝါအေး ၁၃/လရန(နိုင်) ၁၀၂၇၀၂ သို့ စွန့်လွှတ်ပြီးဖြစ်သဖြင့် ဒေါ်နန်းဝင့်ဝါအေး အမည်ဖြင့် အမည်ပြောင်း မြေငှားဂရန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ ရက်ပေါင်း ၂၀အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ လားရှိုးမြို့

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ နယ်မြေ (၁၉)၊ အကွက်အမှတ်(မန်ဆူ တိုးချဲ့-၆)၊ ဦးပိုင်အမှတ်(၄၉၁)၊ ဧရိယာ (၀ဒသမ ၀၉၆)ဧက၊ အမှုတွဲအမှတ် ၃၇၇-၅/၁၉၉၅-၁၉၉၆(စီ) ဦးကောင်းညွန့်၊ အန်တီ-၀၂၉၆၈၈ အမည်ပေါက် မြေကွက်အား ဦးကောင်းညွန့်၏ အထူးကိုယ်စားလှယ် လွှဲအပ်ခံရသူ ဒေါ်သီတာအောင် ၁၃/လရန(နိုင်) ၁၃၁၅၁၂မှ ဒေါ်ခင်ထားကြည် ၁၃/လရန(နိုင်)၀၃၈၀၂၆သို့ လားရှိုးမြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် ရောင်းချပြီးဖြစ်၍ ဒေါ်ခင်ထားကြည် အမည်ဖြင့် အမည်ပြောင်းထပ်မံ အသစ်မြေငှားဂရန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ ရက်ပေါင်း ၂၀အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ လားရှိုးမြို့

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်စိုးသီဟ ၅/ယမပ(နိုင်)၀၇၉၉၀၉၏ နိုင်ငံကူး လက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၈၇၇၅၉၀၄၃

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဇော်မင်းအောင် ၅/ဘတလ(နိုင်)၀၇၃၁၇၁၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၀၄၀၈၆၉၆

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက် (၁၂)၊ နယ်မြေ (၁၉)၊ အကွက်အမှတ် (မန်ဆူ တိုးချဲ့-၆)၊ ဦးပိုင်အမှတ် (၄၉၀)၊ ဧရိယာ ၀ဒသမ၀၉၆ဧက၊ အမှုတွဲ အမှတ် ၂၀၆-၅/၂၀၁၀-၂၀၁၁(စီ)၊ ဦးလှကျော် ၁၃/နခန(နိုင်)၀၂၅၀၀၈ အမည်ပေါက် မြေကွက်အား ဦးလှကျော်၏ အထူးကိုယ်စားလှယ်လွှဲအပ်ခံရသူ ဒေါ်ခင်ထားကြည် ၁၃/လရန(နိုင်)၀၃၈၀၂၆မှ ဒေါ်သီတာအောင် ၁၃/လရန(နိုင်)၁၃၁၅၁၂သို့ လားရှိုးမြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် ရောင်းချပြီးဖြစ်၍ ဒေါ်သီတာအောင် အမည်ဖြင့် အမည်ပြောင်း ထပ်မံ အသစ်မြေငှား ဂရန် လျှောက်ထား လာရာ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ ရက် ပေါင်း ၂၀အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါ ကြောင်း ကြေညာပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ လားရှိုးမြို့

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက် (၁၂)၊ အကွက်အမှတ်(မန်ဆူတိုးချဲ့-၆)၊ ဦးပိုင်အမှတ် (၃၂၁)၊ ဧရိယ(၀ဒသမ၀၉၆)ဧက၊ အမှုတွဲအမှတ် ၄၉၄-၅/၁၉၉၅-၁၉၉၆ (အေ)၊ ဒေါ်ချိုချိုသာ အမည်ပေါက် မြေကွက်အား ၎င်း၏အထူးကိုယ်စားလှယ်ရရှိသူ ဦးမော်ရင်အန်း ၁၃/ကလတ(နိုင်)၀၂၉၇၉၆က ဦးမော်လောက်ဝူ ၁၃/ကလတ(နိုင်)၀၄၈၈၄၅သို့ လားရှိုးမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် စာချုပ်ချုပ်ဆိုရောင်းချခဲ့ပြီးဖြစ်၍ ဦးမော်လောက်ဝူအမည်ဖြင့် အမည်ပြောင်းထပ်မံအသစ်မြေငှားဂရန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ ရက်ပေါင်း(၂၀)အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက် နိုင်ပါကြောင်း ကြေညာပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ လားရှိုးမြို့

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ နယ်မြေ (၁၉)၊ အကွက်အမှတ်(၂၅/တရုတ်ဈေးတန်း)၊ ဦးပိုင်အမှတ်(၂၃/ည)၊ ဧရိယာ(၀ဒသမ၈၃၉)ဧက၊ အမှုတွဲ အမှတ် ၁၁၈၀-၅/၂၀၁၈-၂၀၁၉၊ ဦးဝမ်ကြည်မြင့် ၁၃/လရန(နိုင်)၀၅၉၆၂၈ အမည်ပေါက်မြေကွက်၏ တစ်စိတ်တစ်ဒေသဖြစ်သည့် ဧရိယာ(၀ဒသမ၁၄၄)ကေအားဦးကျော်သူ၁၃/လရန(နိုင်)၁၁၇၁၀၁နှင့် ဒေါ်ပျင်ပျင်၁၃/ကလတ(နိုင်)၀၄၀၈၂၇တို့နှစ်ဦးသို့ လားရှိုးမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ရောင်းချပြီးဖြစ်သဖြင့် ဦးပိုင်ခွဲစိတ်ခွင့် လျှောက်ထားလာရာ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ ရက်ပေါင်း ၂၀အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ လားရှိုးမြို့

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5G/2617 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ် ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4N/9106 ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ခိုင် ၇/ထတပ(နိုင်)၀၄၄၂၇၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (တောင်ငူ)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/74137 ယာဉ်လက်ဝယ်ရှိသူ MEDICAL ACTION MYANMAR က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (တောင်ငူ)

## အထွေထွေကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ ကျောင်းကြီးအိုးတန်းရပ်ကွက်၊ ပန်းထိမ်တန်းလမ်း၊ အမှတ် (၁၉၂)နေ ဒေါ်သီရိထွဋ် ၇/ပမန(နိုင်)၁၁၀၄၄၇နှင့် ဦးသော်ဇင်ထွဋ် ၇/ပမန(နိုင်)၁၃၃၉၈၇ (ဘ)ဦးသိန်းထွဋ်တို့သည် ၄-၂-၂၀၂၂ရက်တွင် ပြည်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ အထွေထွေကိုယ်စားလှယ်လွှဲစာ မှတ်ပုံတင်စာချုပ်အမှတ်-၀၂၄/၂၀၂၂ ဖြင့် ဦးပြည့်ညီမိန်းထွဋ် (ဘ)ဦးသိန်းထွဋ်ထံသို့ အိမ်ခြံမြေအမည်ပြောင်းဆောင်ရွက်ရန်အတွက် အထွေထွေကိုယ်စားလှယ်လွှဲစာ လွှဲအပ်ပေးခဲ့ပါသည်။ ယခုအခါ အမည်ပြောင်းဆောင်ရွက်သည့်လုပ်ငန်း ပြီးစီးပြီဖြစ်သောကြောင့် ကျွန်တော်/ကျွန်မတို့က ဦးပြည့်ညီမိန်းထွဋ် ၇/ပမန(နိုင်)၁၃၃၉၈၈ထံသို့ လွှဲအပ်ပေးထားသည့် အထွေထွေကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သီရိထွဋ် ၇/ပမန(နိုင်)၁၁၀၄၄၇ ဦးသော်ဇင်ထွဋ် ၇/ပမန(နိုင်)၁၃၃၉၈၇**
**အမှတ် (၁၉၂)၊ ပန်းထိမ်တန်းလမ်း၊ ကျောင်းကြီးအိုးတန်းရပ်ကွက်၊ ပြည်မြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ သစ်တောရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ်(၂)အေ၊ အခန်းအမှတ်(၀၄)၊ ကားပါကင်(၇)လွှာပါဝင်သော RC(၂၇) ထပ်တိုက်အဆောက်အအုံ၏ (၁၅)လွှာ၊ ဧရိယာ(၁၆၅၄)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်း နှင့် ၎င်းကွန်ဒိုတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ဆိုင်ခွင့်ရှိသည်ဟုဝန်ခံကတိပြုသူများဖြစ်သော ဦးစန်ငြိမ်း (ခ)ကပ္ပလီ (၁၄/မမန(နိုင်)၀၀၀၀၂၄)၊ ဒေါ်ကွေ့ရှာ(ခ)ဒေါ်မာမာရီ (၁၂/လသန(နိုင်)၀၁၆၃၅၈)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဦးဇော်လင်းထွန်း(၁၂/လမတ(နိုင်)၀၃၃၇၉၂)က အပြီးအပြတ် ဝယ်ယူမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါရှိသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇော်လင်းထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်နန္ဒာ အထက်တန်းရှေ့နေ(စဉ်-၄၇၆၂၂)**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်အိမ်ရာ၊ သန်လျင်မြို့နယ်၊ ရန်ကုန်မြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀) အောင်မြေသာစံမြို့နယ်တရားရုံးတော်၌ ၂၀၂၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၃

| ဒေါ်မိမိအောင် | နှင့် | ဦးအောင်မြင့် |
|---|---|---|
| တရားလို | | တရားပြိုင် |

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက်အမှတ်(၄၁၇)နေ ဦးအောင်မြင့်(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။ သင့်အပေါ်၌ တရားလို ဒေါ်မိမိအောင်က မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက်အမှတ်(၄၁၇)၊ ဦးပိုင်အမှတ်(၁၁၄-ဃ)၊ ဧရိယာ (၀ဒသမ၀၆)ဧက အကျယ်အဝန်းရှိ မြေကွက်ရောင်းဝယ်မှုအား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း ၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၃ခုနှစ် မတ်လ ၁၅ရက် (၁၃၈၄ခုနှစ် တပေါင်းလပြည့်ကျော် ၁၀ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ခုနှစ် မတ်လ၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ထင်လင်းကို)
မြို့နယ်တရားသူကြီး
အောင်မြေသာစံမြို့နယ်တရားရုံး

## လေလံကြော်ငြာ

၁။ ပဲခူးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးမှ ပြည်သူ့ဘဏ္ဍာ သိမ်းဆည်းထားသော ထုခွဲအဆင့်ရောက်ပစ္စည်းများအား မျက်မြင်အခြေအနေအတိုင်း မြန်မာနိုင်ငံသား အများပြည်သူများသို့ ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသဖြင့် အောက်ပါအစီအစဉ်အတိုင်း အများပြည်သူများ ဝင်ရောက်ယှဉ်ပြိုင် ဝယ်ယူနိုင်ရန် အသိပေးကြေညာအပ်ပါသည်-

| | | | |
|---|---|---|---|
| (က) | **နေ့ရက်/အချိန်** | - | ၁၃-၃-၂၀၂၃ရက်၊ နံနက် ၀၉:၀၀နာရီ |
| (ခ) | **နေရာ** | - | ဦးပိုင်အမှတ် (၁၃၁)၊ နတ်ကင်းကွင်း၊ မွန်စုလမ်း၊ အမှတ် (၁)ရပ်ကွက်၊ ဘုရားကြီးမြို့၊ ပဲခူးမြို့နယ်၊ အကောက်ခွန်ဦးစီးဌာနမှူးရုံး |
| (ဂ) | **ပစ္စည်းအမျိုးအစား** | - | လူသုံးကုန်ပစ္စည်းများ |
| (ဃ) | **လေလံပုံစံရောင်းချခြင်း** | - | လေလံပုံစံ (လေလံစည်းကမ်းချက်များနှင့် လေလံပစ္စည်းစာရင်းပူးတွဲလျက်) တစ်စုံလျှင် ကျပ်(၁၀၀၀/-)(ကျပ်တစ်ထောင်)နှုန်းဖြင့် ၆-၃-၂၀၂၃ ရက်မှ ၉-၃-၂၀၂၃ရက်ထိ ရုံးချိန်အတွင်း ဝယ်ယူနိုင်သည်။ |
| (င) | **ပစ္စည်းပြသချိန်** | - | လေလံပုံစံဝယ်ယူသူများသည် လေလံစည်းကမ်းချက်ပါအတိုင်း အာမခံစပေါ်ငွေ ပေးသွင်းသူများကိုသာ ၉-၃-၂၀၂၃ရက်မှ ၁၀-၃-၂၀၂၃ရက်ထိနံနက် ၁၀:၀၀နာရီမှ ၁၆:၀၀နာရီထိ (၂)ရက် ပြသမည်။ |

၂။ အသေးစိတ်သိရှိလိုသူများသည် ဦးပိုင်အမှတ် (၁၃၁)၊ နတ်ကင်းကွင်း၊ မွန်စုလမ်း၊ အမှတ် (၁)ရပ်ကွက်၊ ပဲခူးမြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံး၊ ဘုရားကြီးမြို့တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဥက္ကဋ္ဌ
လေလံတင်ရောင်းချရေးအဖွဲ့၊ ပဲခူးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 76W/96348, Honda Click-150 ယာဉ်လက်ဝယ်ရှိသူ JIAFA ROUP TRADING Co.,Ltd. က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)
မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 76W/82840, Honda Click-125 ယာဉ်လက်ဝယ်ရှိသူ Gold and Super Co.,Ltd. က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)
မန္တလေးမြို့

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၄)ရပ်ကွက်၊ တော်ဝင်လမ်း၊ သီရိရိပ်သာကွန်ဒို၊ တိုက်အမှတ် (၁၀+၁)၊ အခန်းအမှတ် (၁၀/D)၊ အကျယ်အဝန်း စတုရန်းပေ ၁၅၀၀ ရှိ ဦးစောခူစေး ၁၄/ဒဒရ(နိုင်)၁၃၁၅၄၆ ပိုင်ဆိုင်သော တိုက်ခန်းအား ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန်စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက အရောင်းအဝယ်ကိစ္စပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်သူရ (LL.B, D.B.L, D.I.R) (စဉ်-၁၆၄၅၃)**
**တရားလွှတ်တော်ရှေ့နေနှင့် ကုမ္ပဏီဥပဒေအကြံပေး**
**အမှတ် (၇၃)၊ ကင်မွန်းခြံလမ်းသွယ်၊ ကန်လမ်း (၁၀)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၆၉၂၉၂၀၇၁၆၊ ၀၉-၉၆၅၂၅၀၁၉၃**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက် (၅)၊ နယ်မြေ (၁၀)၊ အကွက်အမှတ် (ငါးပါးသီလ စာသင်ကျောင်းကွက်)၊ ဦးပိုင်အမှတ် (၆၆၁)၊ ဧရိယာ ၀ဒသမ၁၁၀ဧကအား မြေငှားဂရန်အသစ်ခွင့်ပြုပေးနိုင်ပါရန် ဦးအိုက်ဆန် ၁၃/လရန(နိုင်)၁၄၀၉၆၂မှ လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့် ရက်မှ ရက်ပေါင်း ၂၀အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 55W/55525, New Zhineng 110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးမာ ၇/ရတန(နိုင်)၁၀၀၉၉၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ပြည်)၊
ပြည်မြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 12U/8953, Dayang 150, 3W ယာဉ်လက်ဝယ်ရှိသူ ဦးအေးမြင့် ၇/ပမန(နိုင်)၀၀၂၀၄၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ပြည်)၊
ပြည်မြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3V/3169 ယာဉ်လက်ဝယ်ရှိသူ ဦးရွှေသိန်း ၁၀/ခဆန(နိုင်)၀၄၂၁၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး
(မော်လမြိုင်မြို့)

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ် (လ-၈)၊ ဦးပိုင်အမှတ် (၇၂)၊ ၆၇ x ၆၈ လမ်းကြား၊ ဆင်ဖြူရှင်နှင့် ဝေဿလီ လမ်းကြားရှိ တပ်ကြပ် မောင်မောင်သန်း အမည်ပေါက် တောဂရန် မြေကွက်အား ဦးမောင်မောင်သန်း ၉/မနမ(နိုင်) ၀၆၉၉၂၇၏ (SP ရသူ ဒေါ်ခင်မာဦး) က မူလအမည်ပေါက်သူ၏ မှတ်ပုံတင်အိမ်ထောင်စုဇယား၊ တင်ပြနိုင်မှုမရှိကြောင်း တင်ပြစာ၊ တောဂရန်တို့နှင့်အတူ အမှုတွဲအမှတ် (၆၀၆၈/၂၀၂၂-၂၀၂၃) ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါ သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မိုင်းရယ်မြို့၊ အမှတ် (၁)ရပ်ကွက်ရှိ အောက်ဖော်ပြပါ မြေနေရာအား ဦးအိုက်ဖုန် ၁၃/မရတ(နိုင်) ၀၀၆၃၆၇ အမည်ဖြင့် မြေငှားဂရန်အသစ်လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွက် ပိုင်ဆိုင်မှုအထောက်အထားများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ကြောင်း၊ ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်-

| စဉ် | အမည် | မှတ်ပုံတင်အမှတ် | အကွက်အမှတ် | ဦးပိုင်အမှတ် | ဧရိယာ(ဧက) |
|---|---|---|---|---|---|
| ၁ | ဦးအိုက်ဖုန် | ၁၃/မရတ(နိုင်)၀၀၆၃၆၇ | ၃၇/ရန်ကြီးအောင်ရပ် | ၁၀ | ၀.၁၁၀ |
| ၂ | ဦးအိုက်ဖုန် | ၁၃/မရတ(နိုင်)၀၀၆၃၆၇ | ၃၇/ရန်ကြီးအောင်ရပ် | ၁၁ | ၀.၁၁၀ |

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မိုင်းရယ်မြို့**

အကြီးစားပွဲရုံ ၊ လူနေဆိုင်ခန်း ၊ လုံးချင်းအိမ်ရာအဆောက်အဦများ ၂၀၂၃ နှစ်ဦး အထူး ပရိုမိုးရှင်း (၁.၃.၂၀၂၃ မှ ၃၁.၃.၂၀၂၃)ထိ
စီးပွားရေး ငွေကြေး ရင်းနှီးမြှုပ်နှံလိုသူများ အမြန်ဆက်သွယ်ပါ။
အင်းစိန်မြို့နယ် ၊ ရွှေပြည်သာတံတားလမ်းနှင့် ပုလဲလမ်းထောင့်ရှိ တညင်းကုန်း ခေတ်မီ အဆင့်မြင့်လက်ကားဈေးသစ်ကြီး၌ တည်ဆောက်လျက်ရှိသော ပေ ၄၀ × ပေ ၆၀ မြေပေါ်ရှိ နှစ်ခန်းတွဲ ၊ လေးထပ်ခွဲတိုက်များနှင့် နှစ်ခန်းတွဲ ၊သုံးထပ်ခွဲတိုက်များမှ (အေ)တန်း – မြေညီ(၂)ခန်း ၊ (ဘီ)တန်း – မြေညီ(၄)ခန်းမျှသာ ကျန်တော့သည်။ အထူးလျှော့ဈေးနှုန်းဖြင့် အမြန်ရောင်းချပေးနေပါပြီ။
ဆက်သွယ်ရန်
၀၉ ၅၀၀၀၆၇၃ ၊ ၀၉ ၅၀၁၅၆၄၇ ၊ ၀၉ ၅၁၅၁၅၇၆၊ ၀၉ ၄၂၈၆၂၄၃၆၃
ရှီးမဘဏ်၊ ရောဝတီဘဏ်တို့နှင့်လည်း ချိတ်ဆက်၍ဝယ်ယူနိုင်ပါသည်။
မူလရောင်းဈေးထက် (၁၀)ရာခိုင်နှုန်းအထူးလျှော့ဈေး

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ကျွန်းပင်သာရပ်ကွက်၊ ကွင်းအမှတ်(၄၂/၂)၊ ဦးပိုင်အမှတ်(၇၃)၊ မြေရီယာ(၀ဒသမ၁၁၀)ကေရှိ မြေကွက်သည် မူလက ဒေါ်ရွှေရင် အမည် ဖြင့် အမှုတွဲအမှတ် ၁၅(V)(၂၀၁၇–၂၀၁၈)အရ(၁၆–၈–၂၀၂၇)ရက်အထိ (၁၀)နှစ်မြေငှားဂရန်ရရှိခဲ့ပါသည်။ မြေငှားဂရန်အမည်ပေါက်သူ ဒေါ်ရွှေရင်သည် (၁၇–၁–၂၀၂၃)ရက်တွင် မူလဂရန် ဧရိယာ(၀ဒသမ ၁၁၀) ကေအနက်မှ (၀ဒသမ၀၃၇)ကေအား သမီးအရင်းဖြစ်သူ ဒေါ်ခင်မာဝေ ၁/မကန(နိုင်)၀၈၇၃၄၉သို့ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ဌာန၏ မှတ်ပုံတင်အမှတ် (၂၇/၂၀၂၃)အရ မေတ္တာဖြင့်ပေးကမ်းခဲ့ပါသည်။ ယခုအခါ ဒေါ်ခင်မာဝေ အမည်ဖြင့် မြေငှားဂရန် (ဦးပိုင်ခွဲ/အမည်ပြောင်း) လျှောက်ထားမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာ ပါသည့်ရက်မှစ၍ ၁၅ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့်ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံး လုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်းအမှတ်(၁၅/၁–၂)၊ ဦးပိုင်အမှတ် (၇၀)၊ မြေရီယာ ၀ဒသမ ၄၈၀ကေရှိမြေကွက်သည် ဦးမောက်ခမ်းလှိုင်အမည်ဖြင့် အမှုတွဲအမှတ်–၁၂၉/V၁၉၉၁–၁၉၉၂ အရ (၂၁–၆–၂၀၂၂)ရက်အထိ နှစ် ၃၀ မြေငှားဂရန်ရရှိခဲ့ပါသည်။ မြေငှားဂရန်အမည်ပေါက်သူ ဦးမောက်ခမ်းလှိုင်နှင့် ဇနီး ဒေါ်ယာမောက်ခမ်းလှိုင်တို့ ကွယ်လွန်သွားခဲ့ပြီး ၎င်းတို့တွင် (၁) ဒေါ်မကျိုး၊ (၂) ဒေါ်ဆွဲ့ခမ်း၊ (၃) ဒေါ်လွမ်း၊ (၄)ဦးစန်းမောင်တို့ သားသမီး (၄)ဦး မွေးဖွားခဲ့ပါသည်။ သားသမီးများအနက် ဒေါ်ဆွဲ့ခမ်းသည် ၃–၅–၁၉၉၂ရက်တွင် အပျိုဘဝဖြင့် ကွယ်လွန်သွားခဲ့ပြီး ဖြစ်သည်။ ကျန် (၃)ဦးက မှတ်ပုံတင်စာချုပ်ဖြင့် အမွေဆက်ခံခဲ့ကြပါသည်။ ၎င်းနေက် ဒေါ်လွမ်းနှင့် ဦးစန်းမောင်တို့ (၂)ဦးက မူလဧရိယာ ၀ဒသမ၄၈၀ကေအနက်မှ မြောက်ဘက်အခြမ်း ဧရိယာ ၀ဒသမ၃၉၂ကေအား ဒေါ်မကျိုးထံသို့ ၁၈–၁၁–၂၀၂၂ရက်တွင် စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၄၁၅/၂၀၂၂)အရ အပြီးအပိုင်စွန့်လွှတ်ခဲ့ပါသည်။ ၂၆–၁၂–၂၀၂၂ရက်တွင် ဒေါ်မကျိုးသည် မိမိပိုင်ဆိုင်သည့် မြောက်ဘက်အခြမ်း ဧရိယာ ၀ဒသမ၃၉၂ကေမှ ၀ဒသမ၁၁၀ကေအား ဒေါ်နန်းစံဟောင်းထံတို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ ၂၆–၁၂–၂၀၂၂ရက်စွဲဖြင့် အိမ်ခြံမြေကွက်အရောင်းအဝယ်မှတ်ပုံတင်အမှတ် (၄၆၄/၂၀၂၂)အရလည်းကောင်း၊ ဧရိယာ ၀ဒသမ ၁၆၄ကေရှိ မြေကွက်ကို အခြားသူထံ အရပ်စာချုပ်ဖြင့် လည်းကောင်း ရောင်းချခဲ့ပြီး၊ ယခုအခါ ကျန်ရှိသည့် ဧရိယာ ၀ဒသမ၁၁၈ကေရှိ မြေကွက်အား ဒေါ်မကျိုး ၁/မကန(နိုင်)၁၂၆၈၇၈ အမည်ဖြင့် (ဦးပိုင်ခွဲ/အမည်ပြောင်း) မြေငှားဂရန် လျှောက်ထားမှုအပေါ် ကျိုးကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်ပြည့်မြောက်သည့်ရက် အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

